ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်၊ စနေနေ့ (7-8-2010) (၆၄၈၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး **Brigadier General Md Shahidul Haque,psc** အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Brigadier General Md Shahidul Haque, psc အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စစ်သံမှူး **Colonel Vasiliy I. Savenkov** အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ◆



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော် ဆိုင်ရာ ရုရှား ဖက်ဒရေးရှင်း နိုင်ငံ စစ်သံမှူး Colonel Vasiliy I.Savenkov အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

၇-၈-၂၀၁၀
(စနေနေ့)

အာဟာရပြည့်ဝမျှတစွာစားသုံး

အာဟာရလွှန်ကဲမှု၊ အာဟာရချို့တဲ့မှုများ ဖြစ်ပွားခြင်းသည် ကလေးနှင့် မိခင်များအပါအဝင် လူတိုင်း၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါအမျိုးမျိုးကြောင့် သေဆုံးရသူ ငါးနှစ်အောက်ကလေးသူငယ်များတွင် အများစုသည် အာဟာရချို့တဲ့မှုနှင့် ဆက်စပ်နေကြောင်းသိရသည်။

ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသမီးများနှင့် ကလေးငယ်များ၏ အာဟာရဖွံ့ဖြိုးရေးမြှင့်တင်နိုင်ရန် အစဉ်တစိုက် ကြိုးပမ်းလျက်ရှိသည်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများကို ဩဂုတ်လ ပထမပတ်မှစ၍ ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန် ရည်မှန်းချက်ထားရှိဖော်ဆောင်နေခြင်းဖြစ်သည်။

ကလေးငယ်များ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရေး၊ အသက် (၆)လမှ (၅)နှစ်အောက်ကလေးများကို ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးရေး၊ အသက်(၂)နှစ်မှ (၅)နှစ်အောက်ကလေးများနှင့် မူလတန်းအရွယ်ကလေးများအား (၆)လတစ်ကြိမ် သန်ချဆေး တိုက်ကျွေးရေး အသိပညာပေးလုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် အမျိုးသမီးများ သံဓာတ်ဆေးပြားသောက်သုံးခြင်း၏ အကျိုးကျေးဇူး ပိုမိုနားလည်သဘောပေါက်လာစေရေး၊ ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် နို့တိုက်မိခင်များ ဗီတာမင်ဘီဝမ်းဆေးပြားများ သောက်သုံးလာစေရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြမည်ဖြစ်သည်။

ဗီတာမင်အေချို့တဲ့မှုသည် ကလေးသူငယ်များအား မျက်စိကွယ်သည်အထိ အန္တရာယ်ပေးနိုင်ရုံမျှမက ကူးစက်ရောဂါအမျိုးမျိုးကို ခုခံနိုင်သည့် ကိုယ်ခံစွမ်းအားလည်း ကျဆင်းစေနိုင်သည်။ အိုင်အိုဒင်းအာဟာရချို့တဲ့ပါကလည်း ခန္ဓာကိုယ်စံချိန်မီ မကြီးထွားနိုင်ဘဲ သေးကွေးပုညက်နေခြင်း၊ ဉာဏ်ရည်ထိုင်းခြင်းနှင့် လည်ပင်းကြီးခြင်းရောဂါတို့ ဖြစ်ပွားနိုင်သည်။

ထို့ကြောင့် ပြည်သူများအတွင်း အာဟာရဖွံ့ဖြိုးရေးအသိပညာ ဖြန့်ဖြူးခြင်းများကို အလေးထားလုပ်ဆောင်နေခြင်းဖြစ်သည်။ ကာကွယ်ဆေးထိုး ဆေးတိုက်လုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး ပညာပေးလုပ်ငန်းများကို ပေါင်းစပ်ယှဉ်တွဲ ဖော်ဆောင်နေကြပြီဖြစ်သည်။

မိခင်နှင့်ကလေးငယ်များအပါအဝင် လူတိုင်းလူတိုင်း အသက်အရွယ်မရွေး ဗီတာမင်အေဓာတ်များ၊ အသား၊ အသီးအနှံနှင့် အန္တရာယ်ကင်းသည့် အစားအစာများ၊ အာဟာရပြည့်ဝသော အစားအစာများ မျှတစွာစားသုံးစေရေးတို့အတွက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများအားလုံးက အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လူဦးရေနေ့ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရသူများနှင့် ထူးချွန်ကျောင်းသားများ ဂုဏ်ပြုပွဲ တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် တက်ရောက် ငမိုးရိပ် ရေပေးဝေရေးစီမံကိန်းမှ ရန်ကုန်မြို့သို့ ရေပေးဝေနိုင်ရေးလုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၆

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ၂၀၁၀ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိကြသူများနှင့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသားသမီးများအား ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းတို့သည် မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ပုလဲရတနာစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် စာကြည့်တိုက်အတွင်း၌ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းမှူးက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော အလှူငွေကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ငမိုးရိပ်ရေပေးဝေရေးစီမံကိန်းမှ ရန်ကုန်မြို့သို့ ရေပေးဝေနိုင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဆက်လက်၍ အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ် လှူဒါန်းကြရာ တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် ပုလဲမြို့သစ် (၂၅)ခုတင်ဆံ့ မြို့နယ်ဆေးရုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် ငမိုးရိပ် ရေပေးဝေရေး စီမံကိန်းမှ ရန်ကုန်မြို့သို့ ရေပေးဝေနိုင်ရေး လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၍ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) ဌာနမှူးက လုပ်ငန်းဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့က လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဩဂုတ် ၅ ရက်က ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် တစ်ခန်းရပ်ပြဇာတ် ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို အထက (၂)ဗဟန်း၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး တစ်ခန်းရပ် ပြဇာတ်ပြိုင်ပွဲတွင် ပထမဆုရရှိသော အဖွဲ့အား ဆုချီးမြှင့်စဉ်။
(ကြေးမုံ)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး စစ်တွေ၊ ရသေ့တောင်နှင့် ဘူးသီးတောင်မြို့တို့၌ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဩဂုတ် ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်သည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် စစ်တွေသင်္ဘောကျင်းသို့ သွားရောက်၍ ရေယာဉ်များ လွှန်းတင်ပြင်ဆင်နေမှုနှင့် ပြီးစီးမှု၊ ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော ရေကြော်ရေယာဉ် မွမ်းမံပြင်ဆင်ထားရှိမှု၊ ရေယာဉ်များ ကုန်များတင်ဆောင်နေမှုနှင့် ဆပ်ရိုးကျချောင်း ရေလမ်းကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးဆောင်ညွှန်ကြားရေးမှူးသည် ဇူလိုင် ၂၉ ရက်တွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ ထွက်ခွာမည့် အောင်တံခွန် (၃) ရေယာဉ်ဖြင့် လိုက်ပါလျက် စစ်တွေ-ဘူးသီးတောင်သို့ ခရီးသည်များ လိုက်ပါစီးနင်းမှု၊ ခရီးလမ်းရေလမ်းကြောင်း အခြေအနေ၊ ရသေ့တောင်မြို့အဝင် ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းအခြေအနေနှင့် ခရီးသည်များ တက်/ဆင်းနေမှု အခြေအနေတို့ကိုလည်းကောင်း၊ ဇူလိုင် ၃၀ရက်တွင် ဘူးသီးတောင်ဆိပ်ကမ်း၌ ဘူးသီးတောင်မှ စစ်တွေသို့ ထွက်ခွာမည့် ရေယာဉ်နှင့် ခရီးသည်များ လိုက်ပါစီးနင်းမှု အခြေအနေနှင့် ကုန်များတင်ဆောင်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တွေ့ဆုံခဲ့သည်။
(သတင်းစဉ်)

ကျေးလက်ရေပေးရေး ရေတွင်းတူးဖော်

ဆားလင်းကြီး ဩဂုတ် ၆

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ရေပေးရေးလုပ်ငန်းများအဖြစ် ဖောင်းကတာကျေးရွာအုပ်စု ဆည်တဲကျေးရွာ၌ ခြောက်ပေအကျယ် ကျောက်စီလက်တူးတွင်း တူးဖော်နေမှုကို အမှုဆောင်အရာရှိ ဦးသောင်းမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကြည်စိုးတို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။
(အောက်ပုံ) (မြို့နယ်ပြန်/ဆက်)

ဝန်ထမ်းများ အလုပ်လုပ်ကိုင်စေမည့် ကျွမ်းကျင်မှုများ ဟောပြောပွဲ

ရန်ကုန် ဩဂုတ် ၆

ဝန်ထမ်းများသည် စီးပွားရေးလုပ်ငန်းများ၊ အဖွဲ့အစည်းများ၏ တန်ဖိုးမဖြတ်နိုင်သောပိုင်ဆိုင်မှုများ ဖြစ်သည်ဟူသော အဆိုနှင့်အညီ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)က ဝန်ထမ်းများ အလုပ်လုပ်ကိုင်စေမည့် ကျွမ်းကျင်မှုများ (Employability Skills For Employees) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဩဂုတ် ၈ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ Central Link သင်တန်းခန်းမ အမှတ်-၁၂၃ ဘီ-၂ ဒုတိယထပ် ဦးချစ်မောင်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများသည် ဖုန်း-၅၅၄၈၅၂နှင့် ၀၉-၅၁၈၈၉၈၇တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။
(ကြေးမုံ)

▲ ရွှေဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

◆ ဒုတိယတပ်မတော်မှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦးအား ဗီယက်နမ်သံအမတ်ကြီးနှင့် ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီဥက္ကဋ္ဌတို့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Chu Cong Phung သည် ဗီယက်နမ်နိုင်ငံ Vietransinex ကုမ္ပဏီဥက္ကဋ္ဌ Mr.Nguyen Van Thanh နှင့်အဖွဲ့ဝင်များနှင့်အတူ ဩဂုတ် ၅ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး စပါးစိုက်ပျိုးရေးနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်ရေး ကိစ္စများရပ်များကို ဆွေးနွေးကြသည်။ **(ဝဲပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးဌာနရှိ လုပ်ငန်း၊ ဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး

ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့၏ ညှိနှိုင်းစီစဉ် ဆောင်ရွက်မှုဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း (အလယ်တန်းကျောင်းခွဲ)၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေး ဦးစီးကော်မတီ ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ကော်မတီဝင်များ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ရုပ်ရှင်သရုပ်ဆောင် စိုးရန်အောင်နှင့် လှအဥ္ဇလီတင့်တို့က "မြို့တော် သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြှင့်တင်ရေးအတွက် ကျောင်းသားလူငယ်များ ငယ်စဉ်ကပင် သန့်ရှင်းရေး၊ စည်းကမ်းရှိရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူးမြင့်အောင်က "ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းလိုက်နာရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ပညာပေးရေး၊ စည်းရုံးလှုံ့ဆော်ရေး လုပ်ငန်းကော်မတီက ကျောင်းသား၊ ကျောင်းသူများအား ပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

(သတင်းစဉ်)

ကျောင်းသား၊ ကျောင်းသူများအတွက် ရန်ကုန်မြို့ သန့်ရှင်း သာယာလှပရေးနှင့် အဆင့် မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ရန်ကုန်မြို့ ရန်ကင်း မြို့နယ် အမှတ်(၁၁) အခြေခံပညာ မူလတန်းကျောင်း (အလယ်တန်းကျောင်းခွဲ) ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးမြင့်အောင် ဟောပြောစဉ်။ (သတင်းစဉ်)

မအူပင်မြို့နယ် တစ်မိုးနှစ်သီး စပါးစံကွက်ရိတ်သိမ်း

မအူပင် ဩဂုတ် ၆

မအူပင်မြို့နယ် တစ်မိုးနှစ်သီးစပါး စံကွက်ရိတ်သိမ်းပွဲကို ဩဂုတ် ၃ ရက် နံနက် ၁၁ နာရီတွင် ကျုံစုတ်ကျေးရွာအုပ်စု တောင်သူကြီး ဦးကျင်သန်း၊ ဦးသက်အောင်စိုး၊ ဦးအောင်ခင်နှင့် ဦးသိန်းအောင်တို့၏ လယ်မြေတို့၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွန့်စိန်နှင့် အဖွဲ့ဝင်များ ခရိုင်/မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး စံကွက်ရိတ်သိမ်းကြရာ ဦးကျင်သန်း၏ လယ်မြေမှ တစ်ဧက ၆၄ ဒသမ ၂၅ တင်း၊ ဦးသက်အောင်စိုး၏ လယ်မြေမှ ၆၈ တင်း၊ ဦးအောင်ခင်၏ လယ်မြေမှ ၆၅ တင်းနှင့် ဦးသိန်းအောင်၏ လယ်မြေမှ ၅၆ တင်း အသီးသီးထွက်ရှိကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

မြန်မာ့ရိုးရာလက်ဝှေ့ ဒိုင်လူကြီး မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၀)ဖွင့်

ရန်ကုန် ဩဂုတ် ၆

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သော ၂၀၁၀ ခုနှစ် မြန်မာ့ရိုးရာလက်ဝှေ့ ဒိုင်လူကြီး မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းကို ယနေ့မှ ဩဂုတ် ၈ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှုခင်းကျဆင်းရေး ပညာပေးဟောပြော

တနင်္သာရီ ဩဂုတ် ၆

တနင်္သာရီမြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူးလျက် အနောက်မော်တုန်းကျေးရွာ နန်းစိမ့်ပြင်ရွာ အခြေခံပညာမူလွန်ကျောင်းခန်းမ၌ ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက မှုခင်းကျဆင်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများ စုစုပေါင်းအင်အား ၂၀၀ ခန့် တက်ရောက်ကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးငွေသိန်းက မှုခင်းကျဆင်းရေးဆိုင်ရာ အခြေခံအချက်အလက်များ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆွေးနွေးဟောပြော

ထို့နောက် မြို့နယ်တရားသူကြီး ဦးစောမျိုးမျိုးက ပြစ်မှုပြစ်ဒဏ်ဆိုင်ရာ အချက်အလက်များ၊ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမင်းက လူကုန်ကူးမှုဆိုင်ရာ ဥပဒေများ ဆွေးနွေးဟောပြောသည်။

(မြို့နယ်ပြန်/ဆက်)

မိုးညှင်းခရိုင်၌ ကျောင်းကျန်းမာရေး ပညာပေးဟောပြော

မိုးညှင်း ဩဂုတ် ၆

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ဥက္ကဋ္ဌ)ရုံး၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းစီမံကြီးကြပ်၍ ကမ္ဘာ့လူတုပ်ကွေး၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျားရောဂါ၊ ခြင်ကျားအန္တရာယ် ကြိုတင်ကာကွယ်ထိန်းချုပ်ရေး၊ ကျောင်းကျန်းမာရေး၊ ပညာပေးဟောပြောပွဲကို ဩဂုတ် ၆ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီက မိုးညှင်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်စိုး(ကိုယ်စား) အတွင်းရေးမှူး ဦးမြင့်ထူး တက်ရောက် အမှာစကားပြောကြားပြီး ဒေါက်တာဒေါ်သင်းသင်းလှိုင် (ခရိုင်ကျန်းမာရေးအရာရှိ)က ကမ္ဘာ့လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးထိန်းချုပ်ရေးအကြောင်း ဟောပြောခြင်း၊ ဒေါက်တာဒေါ်နီနီသန်း (ကလေးအထူးကုဆရာဝန်)က သွေးလွန်တုပ်ကွေးနှင့် ကလေးလူငယ် ကျောင်းနေအရွယ် ရာသီအလိုက် ရောဂါဆန်းများ ကြိုတင်ကာကွယ်ခြင်း အကြောင်းတို့ကို ဟောပြောဆွေးနွေးကြောင်း သိရသည်။

(ခရိုင်ထွေ/အုပ်)

ဦးတိုးပွားအထိမ်းအမှတ် စာကြည့်တိုက်ဖွင့်

ထားဝယ် ဩဂုတ် ၆

ထားဝယ်ခရိုင် မေတ္တာမြို့ တောင်သုံးလုံးကျေးရွာ ဦးတိုးပွားအထိမ်းအမှတ် စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၅ ရက်က ကျင်းပရာ အလှူရှင် သိပ္ပံကျော် ဦးကျော်မြင့်နှင့် ဇနီး ဒေါ်ကြူကြူဝင်းတို့က အလှူငွေကျပ် ၂၅ သိန်း၊ ဦးရန်ရှင်း(ရော်ဘာခြံ)နှင့် ဦးသိန်းဟန်-ဇနီး ဒေါ်သိန်းလွင်တို့က ငွေကျပ်တစ်သိန်းစီ၊ အဏ္ဏဝါလွှမ်းကုမ္ပဏီမှ ဦးခင်စိုးက ၂၁ လက်မ ရုပ်မြင်သံကြားစက်တစ်လုံးတို့ကို ပေးအပ်လှူဒါန်းသည်။ ပါရမီစာပေ၊ အင်္ဂလိပ်စာ ဦးသိန်းလွင်၊ ဦးစစ်ကြည်နှင့် ဒေါ်မော်မော်လွင်၊ ဦးရဲမြင့်နှင့်ဇနီး ဒေါ်သန်းမြင့်၊ SR ပညာရေးစင်တာမှ ဦးနေလင်းဖြိုး၊ ဦးအောင်ညွန့်နှင့် ဒေါ်ခင်ခင်ကြီး၊ မေတ္တာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှစာအုပ် ၁၀၀၀ ကျော် ပေးအပ်လှူဒါန်းသည်။ အလှူရှင်များ စုပေါင်းလှူဒါန်းသော ပေ ၂၀ × ပေ ၃၀ အုတ်တိုက် အဆောက်အအုံကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး အေးထွန်းနှင့် အလှူရှင်ဇနီးမောင်နှံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

(ခရိုင်ပြန်/ဆက်)

မှုးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

ကမ္ဘာပေါ်တွင် အကြမ်းဖက်မှုအထူပြောဆုံးဒေသအဖြစ် တောင်အာရှရပ်တည်နေ

ဝါရှင်တန် ဩဂုတ် ၆

ပါကစ္စတန်နိုင်ငံသည် အယ်လ်ခိုင်ဒါအဖွဲ့၏ စုရပ်မဏ္ဍိုင်ဖြစ်လာပြီး အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏ ပင်လယ်ရပ်ခြားအကျိုးစီးပွားများကို အဓိကခြိမ်းခြောက်နေကြောင်း အမေရိကန်အစိုးရအဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက နှစ်စဉ်ထုတ်ပြန်သော တစ်ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ဝါဒစစ်တမ်းတွင် ဖော်ပြထားချက်အရ ပါကစ္စတန်နိုင်ငံတွင်းရှိ အယ်လ်ခိုင်ဒါအဖွဲ့သည် ပြီးခဲ့သည့်နှစ်က အင်အားဆုတ်ယုတ်ခဲ့ရသော်လည်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေးအတွက် ကြိုးစားခဲ့ပြီး အခြားကြားခံ အကြမ်းဖက်အုပ်စုများမှတစ်ဆင့် ၎င်းတို့၏ လှုပ်ရှားမှုများကို ဖြန့်ကြက်ခဲ့ကြောင်း သိရသည်။

အယ်လ်ခိုင်ဒါအဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ အမေရိကန်နှင့် အနောက်နိုင်ငံများ၏ အကျိုးစီးပွားကိုပစ်မှတ်ထားတိုက်ခိုက်ရန် ကြံစည်နေဆဲဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပါကစ္စတန်နှင့် အာဖဂန်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ တိုးမြင့်လာခြင်းကြောင့် ပြီးခဲ့သည့်နှစ်အတွင်း အရပ်သားသေဆုံးဒဏ်ရာရမှုများမှာလည်း ပိုမိုများပြားလာကာ တောင်အာရှဒေသသည် ကမ္ဘာပေါ်တွင် အကြမ်းဖက်မှုအထူပြောဆုံးဒေသအဖြစ် အရှေ့အလယ်ပိုင်းဒေသကို ကျော်ဖြတ်ရပ်တည်နေပြီဖြစ်ကြောင်း အစီရင်ခံစာတွင် ဆိုထားသည်။

ပါကစ္စတန်၊ ယီမင်နှင့်ဆိုမာလီမှ အယ်လ်ခိုင်ဒါများသည် အမေရိကန်နိုင်ငံသား အစွန်းရောက်များကို ၎င်းတို့၏ လမ်းစဉ်အတိုင်းလိုက်ရန် ဆွဲဆောင်နေကြကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၀၉ တစ်ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ဝါဒ စစ်တမ်းတွင် ဖော်ပြထားသည်။ ***ရိုက်တာ။***

ရုရှားတောမီး

တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နေသော ရုရှားမီးသတ်တပ်ဖွဲ့ဝင်တစ်ဦးကို ဩဂုတ် ၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် လင်းနို့မျိုးစိတ်တစ်မျိုး နှစ် ၂၀အတွင်း မျိုးသုဉ်းနိုင်

ဝါရှင်တန် ဩဂုတ် ၆

အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်း၌ အတွေ့ရအများဆုံး လင်းနို့မျိုးစိတ်တစ်စိတ်သည် မှိုတစ်မျိုးကို အရင်းခံဖြစ်ပွားသောရောဂါကြောင့် လာမည့်ဆယ်စုနှစ်များအတွင်း မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း ဩဂုတ် ၆ ရက် သတင်းများတွင် ဖော်ပြသည်။

ယင်းလင်းနို့များကို လူအများက မနှစ်မြို့ကြသော်လည်း ၎င်းတို့သည် လူနှင့် တိရစ္ဆာန်များကို ရောဂါကူးစက်စေရုံမျှ မကစိတ်အနှောင့်အယှက်လည်းပေးတတ်သော အင်းဆက်များကို ထိန်းချုပ်ရာတွင် အလွန်အရေးပါသောသတ္တဝါများဖြစ်သည်။

ရှာဖွေစားသောက်

အဆိုပါလင်းနို့များသည် တစ်ညလျှင် ၎င်းခန္ဓာကိုယ်နှင့် အလေးချိန်ဆတူရှိသော အင်းဆက်အရေအတွက်ကို ရှာဖွေစားသောက်လေ့ရှိသည်။

မှိုကို အရင်းခံသော ရောဂါဆိုးကြောင့် အမေရိကန်အရှေ့မြောက်ပိုင်း၌ အတွေ့ရများသော လင်းနို့မျိုးစိတ်သည် လာမည့်နှစ် (၂၀)အတွင်း ကွယ်ပျောက်နိုင်ကြောင်း ဘော်စတွန်တက္ကသိုလ် သုတေသနပညာရှင်များက သောကြာနေ့တွင် ပြောကြားသည်။

အင်တာနက်။

တောမီးအန္တရာယ်ကြောင့် လက်နက်တိုက် ရွှေ့ပြောင်းရန် ရုရှားကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားချက်ထုတ်ပြန်

မော်စကို ဩဂုတ် ၆

တောမီးလောင်ကျွမ်းမှုများ အရှိန်အဟုန်ပြင်းစွာ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် မော်စကိုမြို့တော်အနီးရှိ လက်နက်တိုက်မှ လက်နက်ခဲယမ်းများကို လုံခြုံသော နေရာများသို့ ရွှေ့ပြောင်းရန် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ညွှန်ကြားထားကြောင်း ဩဂုတ် ၆ ရက် သတင်းများတွင် ဖော်ပြသည်။

မော်စကိုမြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၇၀ အကွာရှိ လက်နက်တိုက်တွင် အမြောက်နှင့် ဒုံးကျည်များအပါအဝင် လက်နက်ခဲယမ်းမျိုးစုံကို သိုလှောင်ထားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ၏ အဆိုအရသိရသည်။

ရုရှားလက်နက်ကိုင်တပ်ဖွဲ့၏ ထုတ်ဖော်ပြောကြားချက်အရ မော်စကိုမြို့အနီးရှိ ရေတပ်ထောက်ပံ့ရေး အခြေစိုက်စခန်းတစ်ခုသည် တောမီးလောင်ကျွမ်းမှုကြောင့် ပျက်စီးခဲ့ရကြောင်း သိရသည်။ ယင်း ရုရှားရေတပ်၏ လေတပ်အခြေစိုက်စခန်းရှိ လေယာဉ်အစင်း ၂၀၀ခန့်မှာ တောမီးကြောင့် ပျက်စီးဆုံးရှုံးရဖွယ်ရှိကြောင်း ရုရှားသတင်းဌာနများက ဖော်ပြသည်။

ရုရှားနိုင်ငံ အလယ်ပိုင်းနှင့် အနောက်ပိုင်း၌ လောင်ကျွမ်းနေသော တောမီးများကြောင့် စစ်ဘက်ဆိုင်ရာနှင့် မဟာဗျူဟာအချက်အချာနေရာများကို လုံခြုံရေးတင်းကျပ်ရန် ရုရှားအစိုးရက ညွှန်ကြားပြီးနောက် လက်နက်တိုက်ရွှေ့ပြောင်းမည့် သတင်းပေါ်ထွက်လာခြင်းဖြစ်သည်။

ကြာသပတေးနေ့ သတင်းများအရ ရုရှားနိုင်ငံအတွင်း တောမီးလောင်ကျွမ်းမှုပေါင်း ၆၀၀နီးပါးမျှ ဖြစ်ပွားလျက်ရှိပြီး သေဆုံးသူ ၅၀ အထိရှိကြောင်း သိရသည်။

အင်တာနက်။

ပြည်ပသို့ ဂျုံတင်ပို့ခြင်းကို ရုရှား ပိတ်ပင်

မော်စကို ဩဂုတ် ၆

ရုရှားနိုင်ငံတွင် မိုးခေါင်၍ ဂျုံစိုက်ဧက ၂၀ ရာခိုင်နှုန်း ပျက်စီးသွားသဖြင့် ယခုနှစ်လက်ကျန်ကာလတွင် ပြည်ပသို့ ဂျုံတင်ပို့ရောင်းချခြင်းကို ကြာသပတေးနေ့၌ ပိတ်ပင် တားဆီးလိုက်သည်။

ယင်းကဲ့သို့ ပျက်စီးသွားသည့်အတွက် ယခုနှစ်နွေရာသီ၌ ၇၀ ရာခိုင်နှုန်းခုန်တက်ခဲ့သော ဂျုံဈေးနှုန်းသည် ထပ်မံမြင့်တက်သွားခဲ့သည်။

ကမ္ဘာတွင် ဂျုံနှင့် ဂျုံထွက်ကုန်များ အများဆုံးတင်ပို့ ရောင်းချသော နိုင်ငံများတွင် တစ်နိုင်ငံအပါအဝင်ဖြစ်သည့် ရုရှားက ယခုကဲ့သို့ ပိတ်ပင်ခြင်းသည် ဩဂုတ် ၁၅ ရက် မှ ဒီဇင်ဘာ ၃၁ ရက် အထိသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဈေးကွက်သို့ ဂျုံဖြည့်ဆည်းပေးမှု ပြတ်တောက်သွားမည်ကို စိုးရိမ်သည့်အတွက် ဂျုံဈေးကွက်၌ ဈေးနှုန်းများ တက်သွားပြီး ချီကာဂိုကုန်သွယ်မှုဌာန ဂျုံကြိုပွဲဝင့် အရောင်းအဝယ်တွင် ဂျုံဈေးနှုန်းသည် ကြာသပတေးနေ့ ဂရင်းနစ်စံတော်ချိန် ၁၂း၄၅နာရီ၌ ၈ ဒသမ ၃ ရာခိုင်နှုန်း တက်သွားခဲ့သည်။

ဝန်ကြီးချုပ်ဗလာဒီမာပူတင်က ကြာသပတေးနေ့အစိုးရအဖွဲ့ အစည်းအဝေးတွင် ပြည်ပသို့ဂျုံတင်ပို့မှုပိတ်ပင်မှုကို ကြေညာခဲ့ခြင်းဖြစ်ပြီး ပြည်တွင်း၌ လုံလောက်စွာ သိုလှောင်ထားရှိခဲ့သည့်တိုင် ဤသို့လုပ်ဆောင်ရန် လိုအပ်သည်ဟု ဆိုသည်။

အင်တာနက်။



မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သော ဗြိတိန်နိုင်ငံ၏ နျူကလီးယားလက်နက်များ သိုလှောင်ရေးဌာန (အေဒဗလျူအီး)ကို ဩဂုတ် ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရေကြီးမည့်အန္တရာယ်ကြောင့် တရုတ်အရှေ့မြောက်ပိုင်း ယာလူးမြစ် ရေကြောင်းခရီးစဉ်များ ခေတ္တရပ်ဆိုင်း

ပေကျင်း ဩဂုတ် ၆

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ မိုးဆက်လက် ရွာသွန်းမည်ဖြစ်ကြောင်း အာဏာပိုင်များက ခန့်မှန်းထားရာ ရေကြီးမှုအန္တရာယ် စိုးရိမ်ရသည့်အတွက် တရုတ်နှင့် မြောက်ကိုရီးယားနယ်စပ်ရှိ ယာလူးမြစ်ကြောင်းတွင် ရေကြောင်းခရီးစဉ်များကို ရပ်ဆိုင်းခဲ့ပြီး ကမ္ဘာလှည့်ခရီးသည်တို့၏ လှေများ သွားလာမှုကိုလည်း ရပ်နားထားကြောင်း ဩဂုတ် ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်မှစ၍ စံချိန်တင်မိုးရွာသွန်းခဲ့ပြီး ယာလူးမြစ်ရေသည် စိုးရိမ်ရေမှတ်အထိ မြင့်တက်လျက်ရှိရာ ရေလွှမ်းမိုးမည့် အန္တရာယ်ကြောင့် လူထောင်ပေါင်းများစွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရမည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း ဆင်ဟွာသတင်းဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် အခြေစိုက် ရေလွှမ်းမိုးမှု ထိန်းချုပ်ရေးဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ၏ အဆိုအရ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဒေသများတွင် မိုးဆက်လက်ရွာသွန်းဖွယ်ရှိကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန် နျူကလီးယားလက်နက်တိုက် မီးလောင်မှုဖြစ်ပွား

လန်ဒန် ဩဂုတ် ၆

ဗြိတိန်နိုင်ငံ၏ ထရီးဒင့် နျူကလီးယားဒုံးကျည်ထိပ်ဖူးများကို ထိန်းသိမ်းထားသော နျူကလီးယားလက်နက်တိုက်တွင် မီးလောင်ကျွမ်းမှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ဩဂုတ် ၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဘက်စ်ရှိုင်းယားဒေသတွင်း တည်ရှိသော နျူကလီးယားလက်နက်များ သိုလှောင်ရေးဌာန(အေဒဗလျူအီး)အဆောက်အအုံ၏ ကွန်ကရစ်ဘန်ကာအတွင်းပိုင်း၌ အင်္ဂါနေ့တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ အဆိုပါ အဆောက်အအုံ၏ နျူကလီးယားပေါက်ကွဲမှုကင်းလွတ်ဇရိယာအတွင်း ဖြစ်ပွားခဲ့သော မီးလောင်ကျွမ်းမှုကြောင့် ဝန်ထမ်းတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ အဆောက်အအုံမှ မီတာ ၆၀၀ ပတ်လည်ကို တားမြစ်နယ်မြေအဖြစ် ကန့်သတ်ခဲ့ပြီး အနီးပတ်ဝန်းကျင်၌ နေထိုင်သောဒေသခံများကို ရွှေ့ပြောင်းပေးခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

နျူကလီးယားလက်နက်များ သိုလှောင်ရေးဌာန (အေဒဗလျူအီး) သည် ယင်းအဖြစ်အပျက်ကို ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနသို့ သတင်းပေးပို့ခဲ့ကြောင်း၊ မီးကို ငြိမ်းသတ်နိုင်ခဲ့သော်လည်း ဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရေးပေါ်ကယ်ဆယ်ရေး ဝန်ထမ်းများကို အခင်းဖြစ်ပွားရာသို့ ဆင့်ခေါ်ထားကြောင်း အေဒဗလျူအီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ နျူကလီးယားလက်နက်များ သိုလှောင်ရေးဌာနသည် ရေငုပ်သင်္ဘောများတွင်တပ်ဆင်ပစ်ခတ်ရသော နျူကလီးယားဒုံးပျံများ၏ ထိပ်ဖူးများကို ထိန်းသိမ်းသော စစ်ဘက်ဆိုင်ရာဌာနဖြစ်သည်။ ***အင်တာနက်။***

ဆွန်နီများကို တံစိုးလက်ဆောင်ပေး၍ အယ်လ်ခိုင်ဒါ ဆွဲဆောင်နေ

ဘဂ္ဂဒက် ဩဂုတ် ၆

အယ်လ်ခိုင်ဒါအဖွဲ့သည် ယခင်က မဟာမိတ်ဟောင်းများ ဖြစ်ခဲ့ဖူးသော ဆွန်နီလက်နက်ကိုင်အုပ်စုများကို တံစိုးလက်ဆောင်များကမ်းလှမ်းကာ ပြန်လည်သိမ်းသွင်းလျက်ရှိကြောင်း ဩဂုတ် ၆ ရက်သတင်းများတွင် ဖော်ပြသည်။

အယ်လ်ခိုင်ဒါနှင့်လက်တွဲဖြုတ်၍အီရတ်အစိုးရနှင့် ပူးပေါင်းခဲ့ကြသော ဆွန်နီလက်နက်ကိုင်အုပ်စုများကို လစာအချိန်မှန်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အရေးများ ဖန်တီးပေးရန် အီရတ်အစိုးရက ပျက်ကွက်ခဲ့ရာ ဆွန်နီလက်နက်ကိုင်အုပ်စုများအကြား အမျက်ဒေါသဖြစ်ပွား လျက်ရှိကြောင်း သိရသည်။

ဧပြီလနောက်ပိုင်း ကာလများတွင် အီရတ်ရှိ အယ်လ်ခိုင်ဒါအဖွဲ့သည် အင်အားစုဆောင်းမှုများကို တစ်ဖန်ပြန်လုပ်ဆောင်လျက်ရှိရာ အီရတ်နိုင်ငံအတွင်း စိုးရိမ်ပူပန်မှုများ ဖြစ်ပွားလျက်ရှိသည်။

အယ်လ်ခိုင်ဒါအဖွဲ့၏မဟာဗျူဟာသည် ရှီးယိုက်လူများစုကို ဒေါသဖြစ်ပွားအောင် ဆွပေးပြီး လက်စားချေတိုက်ခိုက်မှုများ ဖြစ်ပွားစေကာ အီရတ်လုံခြုံရေးတပ်ဖွဲ့ကို ဂိုဏ်းဂဏခွဲရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟုဆိုသည်။ ယင်းအပြင် ဆွန်နီများအကြား အယ်လ်ခိုင်ဒါ၏ ခေါင်းဆောင်မှုကို ခိုင်မာစေရန်လည်း ရည်ရွယ်ထားသည်ဟု ဆိုသည်။ ***ရိုက်တာ။***

နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှားအရှေ့ပိုင်း၌ မီးတောင်ပေါက်ကွဲ

ဂျကာတာ ဩဂုတ် ၆

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းရှိ အချိန်မရွေးပေါက်ကွဲနိုင်သော မီးတောင်များအနက် တစ်လုံးသည် ဩဂုတ် ၆ ရက်က ပေါက်ကွဲခဲ့ပြီး ချော်ရည်များနှင့် ပြာပူများသည် မီးတောင်ဆင်ခြေလျှောတစ်လျှောက် ဒလဟောစီးကျခဲ့ကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် အနည်းဆုံး လူလေးဦး သေဆုံးခဲ့ပြီး အမြောက်အမြားဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားအာဏာပိုင်များက သတင်းထုတ်ပြန်သည်။

ရုတ်တရက်ပေါက်ကွဲခဲ့သောမီးတောင်သည် ဆူလာဝေစီကျွန်းတန်းပေါ်တွင် တည်ရှိပြီး ကာရန်ဂျီတန် မီးတောင်ဟု အများသိသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မီးတောင်ဝ ချော်ပိတ်မြေကို ဖွင့်ဖောက်သကဲ့သို့ဖြစ်ကာ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် အပူချိန် ၁၁၁၀ ဒီဂရီဖာရင်ဟိုက်ရှိသော ဓာတ်ငွေ့တိမ်တိုက်ကြီးကို မှုတ်ထုတ်ခဲ့ကြောင်း သိရသည်။

မီးတောင်ပြာများနှင့် ချော်ရည်များသည် တောင်၏ အနောက်ဘက်ဆင်ခြေလျှောတစ်လျှောက် ဒလဟောကျဆင်းခဲ့ရာ လူနေအိမ်ခုနစ်လုံးပျက်စီး၍ လူလေးဦးသေဆုံးခဲ့ရကြောင်း အင်ဒိုနီးရှားနိုင်ငံ အမျိုးသားသဘာဝဘေး စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်သည် အီရတ်ကို ဒုက္ခတောထဲ ထားရစ်ခဲ့ကြောင်း ယခင်အီရတ်နိုင်ငံခြားရေးဝန်ကြီး ပြစ်တင်ပြောကြား

လန်ဒန် ဩဂုတ် ၆

ဗြိတိန်သတင်းစာတစ်စောင်နှင့် ပြုလုပ်ခဲ့သော လူတွေ့မေးမြန်းခန်းတစ်ခုတွင် ဆက်ဒမ်ဟူစိန်၏ နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်နိုင်ငံသည် အီရတ်နိုင်ငံကို အန္တရာယ်တောထဲထားရစ်ခဲ့ပြီဖြစ်ကြောင်း စွပ်စွဲပြောကြားခဲ့သည်ဟု သောကြာနေ့သတင်းများတွင် ဖော်ပြသည်။

တာရစ်အဇစ်က ၎င်းတို့အနေဖြင့် အမေရိကန်သမ္မတ ဘာရက်အိုဘားမားအပေါ် ကနဦးက မျှော်လင့်ချက်ကြီးစွာထားခဲ့ကြောင်း၊ သမ္မတအိုဘားမားသည် ယခင်အမေရိကန်သမ္မတဂျော့ဂျ်ဒဗလျူဘုရှ်၏ အမှားများကို ပြန်လည်တည့်မတ်နိုင်မည်ဟု တွေးထင်ခဲ့ကြောင်း ဂါဒီယန်သတင်းစာသို့ ပြောကြားသည်။

သို့ရာတွင် သမ္မတအိုဘားမားသည်လည်း အီရတ်နိုင်ငံကို ဒုက္ခနွံအတွင်းပစ်ထားခြင်းဖြင့် အမှားများကို ဆက်လက်ကျူးလွန်ခဲ့ကြောင်း တာရစ်အဇစ်က ပြောကြားသည်။

အီရတ်နိုင်ငံသည် အမေရိကန်နှင့် ဗြိတိန်တို့၏ သားကောင်အဖြစ် ကျဆင်းခဲ့ရကြောင်း တာရစ်အဇစ်၏ အဆိုကို ကိုးကား၍ ဂါဒီယန်သတင်းစာတွင် ဖော်ပြထားသည်။ ဆက်ဒမ်ဟူစိန် လက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သော တာရစ်အဇစ်ကို အီရတ်အာဏာပိုင်များလက်သို့ အမေရိကန်နိုင်ငံက လွှဲပြောင်းပေးခဲ့ပြီဖြစ်သည်။

သို့ရာတွင် တာရစ်အဇစ်သည် ၎င်း၏ သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ လုပ်ရပ်များနှင့် ပတ်သက်၍ ပြစ်တင်ပြောကြားရန် ငြင်းဆိုခဲ့သည်ဟုဆိုသည်။

အင်တာနက်။

တိုင်းမှူး ပိုလ်ချုပ်တင်ငွေ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် ဩဂုတ် ၆

မန္တလေးတိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာ စကားပြောကြားပြီး ကလေးငယ်များအား ဗီတာမင်အေဆေးလုံးနှင့် သံချဆေးများ တိုက်ကျွေးကာ ကိုယ်ဝန်ဆောင်မိခင် များအား သံဓာတ်ဆေးပြားများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ဗီတာမင်ဆေးပြား များကိုလည်းကောင်း ဖြန့်ဝေပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော အာဟာရပြခန်းနှင့် ဆားတွင် အိုင်အိုဒင်း ပါဝင်မှု အရည်အသွေး ဖော်ထုတ်ပြသမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် မိုးစပါးစိုက်ပျိုးရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ဝမ်းတွင်းမြို့နယ် ပြည့်စုံကုန်းကျေးရွာ တောင်သူတစ်ဦး၏ ငွေချည်(၆)ဝါ စံပြစိုက်ခင်းသို့ ရောက်ရှိပြီး ဝါစိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ကျားသေကန်ကျေးရွာရှိ တောင်သူတစ်ဦး၏ မိုးစပါးစိုက်ခင်းကိုလည်းကောင်း၊ ရွှေတောင်ကျေးရွာ ဝါသုတေသန မျိုးသန့်စိုက်ပျိုးရေးခြံနှင့် ဝါသုတေသန ပြခန်းကိုလည်းကောင်း၊ ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ၌ မြောင်းပေါင်ငယ် ပြန်လည်ပြုပြင်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ ထိန်ကန်ကြီး ကန်တာပေါင်၏ ရေကျော်ဘေး နှစ်ဖက် ပျက်စီးနေမှုအား ပြန်လည်ပြုပြင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူးသည် ဝမ်းတွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မိတ္ထီလာခရိုင် စပါးစိုက်ပျိုးရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တိုင်းမှူးသည် ဩဂုတ် ၄ ရက်တွင် မန္တလေးအောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်း၌ ကျင်းပသော မန္တလေးမြို့တော်ဝန်ဖလား အမျိုးသား (အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဘောလုံးကန်ကာ ပြိုင်ပွဲကိုစတင်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းရင်းဆေးသုတေသနလုပ်ငန်း အဆင့်မြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၆

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန တိုင်းရင်းဆေးသုတေသန လုပ်ငန်း အဆင့်မြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေး

ထို့နောက် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ငှက်ဖျားရောဂါ၊ ဆီးချိုရောဂါ၊ ကင်ဆာရောဂါနှင့် တိုင်းရင်းဆေးပင်များအား သုတေသနတွေ့ရှိချက်များကို လည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်က တိုင်းရင်းဆေး အမျိုးအမည်သစ်များ၊ အသိအမှတ်ပြုထားသော တိုင်းရင်းဆေးဖုံများနှင့် ဈေးကွက်ဝင်တိုင်းရင်းဆေးများအား ရောဂါများအပေါ် အာနိသင်နှင့် အန္တရာယ်ရှိ /မရှိ စမ်းသပ်သုတေသနပြုလုပ်တွေ့ရှိမှုများကို လည်းကောင်း၊ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူး ဒေါက်တာသော်ဇင်က တိုင်းရင်းဆေးဖုံများ၊တိုင်းရင်းဆေးပင်များ၊ ဈေးကွက်ဝင်ဆေးများ၊ ရောဂါကြီး ခြောက်မျိုးဖြစ်သော ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ ဆီးချိုရောဂါ၊ ဝမ်းပျက်ရောဂါ၊ ဝမ်းကိုက်ရောဂါနှင့် သွေးတိုးရောဂါများနှင့် စပ်လျဉ်းသော သုတေသနတွေ့ရှိချက်များ၊ တိုင်းရင်းဆေးသုတေသနတွေ့ရှိချက်များ ပြုစုထားသော ကျမ်းစာအုပ်များ၊ တိုင်းရင်းဆေးစာအုပ်များ၊ ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့နှင့် သိပ္ပံဘွဲ့အတွက် ပြုစုထားပြီးသော ကျမ်းများ၊ အများပြည်သူသုံးစွဲရန်အတွက် နည်းပညာ လွှဲပြောင်းခဲ့မှုများကို လည်းကောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒေါက်တာအောင်မြင့်က ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် လျာထားသည့် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို လည်းကောင်း၊ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်က ဆက်လက် ဆောင်ရွက်မည့် တိုင်းရင်းဆေး သုတေသနလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော သုတေသီများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တိုင်းရင်းဆေး သုတေသနလုပ်ငန်း အဆင့်မြှင့်တင်ပေးပြီး သုတေသနရလဒ်ကောင်းရရှိအောင် ဆောင်ရွက်ပြီးပါက ဖြန့်ဝေပုံနှိပ်ထုတ်ဝေရန် လိုကြောင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် သုတေသနနည်းစနစ် မှန်ကန်အောင် ဆောင်ရွက်ကြရန် မှာကြားပြီး တိုင်းရင်းဆေး သုတေသနဆိုင်ရာ ပါရဂူဘွဲ့၊ မဟာသိပ္ပံဘွဲ့ကျမ်းများ၊ ပိုစတာများနှင့် တိုင်းရင်းဆေးပင်များကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်ဇွန် ၁၆ ရက်တွင် မောင်တောမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးကာကွယ်ရေးပစ္စည်းများ ထားရှိမှုကို စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဒေါက်တာမြင့်ဆွေ သင်တန်းတက်ရောက်ရန် ဗီယက်နမ်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်နှင့် မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမြင့်ဆွေသည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ Nha Trang City , Nha Trang University ၌ NACA, United Nation University, Icelang University နှင့် Nha Trang Fishery University တို့ ပူးပေါင်း၍ ဩဂုတ်၁ရက်မှ ၁၀ရက်အထိ ဖွင့်လှစ်မည့် Application of Business Management Principles in Small Scale Aquaculture သင်တန်းတက်ရောက်ရန် ဇူလိုင်၃၁ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ဗီယက်နမ်နိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်း၊ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးစိုးတင့်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

စက်တပ်ယာဉ်များကြောင့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု ဩစတြေးလျနိုင်ငံ၌ ပိုမိုမြင့်တက်လျက်ရှိ

ဩစတြေးလျ ဩဂုတ် ၆

ဖန်လုံအိမ်အာနိသင်သက်ရောက်စေသော ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ကျိုတိုသဘောတူစာချုပ် ရည်မှန်းချက်ကို ပြည့်မီနိုင်ရန် ဩစတြေးလျနိုင်ငံအတွက် စက်တပ်ယာဉ်များမှထုတ်လွှတ်နေသော ကာဗွန်ဓာတ်ငွေ့များသည် အကြီးမားဆုံး အဟန့်အတားဖြစ်လာကြောင်း ဩဂုတ် ၆ ရက် သတင်းများတွင် ဖော်ပြသည်။

အစီရင်ခံစာများအရ ယခုနှစ်အတွင်း ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှုသည် ၂၀၀၇ ခုနှစ်မှစ၍ ပထမဆုံးအကြိမ်အဖြစ် မြင့်မားလာကြောင်းသိရသည်။

ခန့်မှန်းခဲ့

၂၀၁၀ ခုနှစ်အတွင်း ဩစတြေးလျနိုင်ငံ၌ အသုံးပြုနေသော စက်တပ်ယာဉ်များမှ ဖန်လုံအိမ်အာနိသင် ထုတ်လွှတ်သည့် ဓာတ်ငွေ့တန်ချိန် ၂၃ သန်းခန့် ထွက်ရှိမည်ဟု ခန့်မှန်းခဲ့ရာ ယင်းပမာဏသည် ကျိုတိုသဘောတူစာချုပ်ကသတ်မှတ်ထားသော တစ်နိုင်ငံချင်းစီ၏ အများဆုံးကာဗွန်ထုတ်လွှတ်မှု အကန့်အသတ် တန်ချိန် ၁၈ ဒသမ ၉ သန်းထက်ပိုများပြားကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံအတွင်း ဖန်လုံအိမ်အာနိသင်ထုတ်လွှတ်သည့် ဓာတ်ငွေ့များထွက်ပေါ်ရာ အဓိကအရင်းအမြစ်မှာစက်တပ်ယာဉ်များဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း ဩစတြေးလျနိုင်ငံအတွင်းရှိ စက်တပ်ယာဉ်များမှ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် တန်ချိန် ၈ ဒသမ ၆သန်းရှိခဲ့ရာ စက်မှုလုပ်ငန်းများက ထုတ်လွှတ်ခဲ့သည့် ကာဗွန်ဓာတ်ငွေ့ တန်ချိန် ၅ ဒသမ ၁ သန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုများပြားခဲ့သည်ဟု ဆိုနိုင်သည်။

အင်တာနက်။

နိုင်ငံတကာ သတင်းများ

ဆွီဒင်တော်ဝင်မိသားစုစံအိမ် ဖောက်ထွင်းခံရ

စတော့ဟုမ်း ဩဂုတ် ၆

၁၈ ရာစုခေတ် တရုတ်လက်မှုအနုပညာလက်ရာများဖြင့် တန်ဆာဆင် တည်ဆောက်ထားသော ဆွီဒင်တော်ဝင်မိသားစု၏ စံအိမ်တော်တစ်လုံးကို ဖောက်ထွင်းသမား ဂိုဏ်းတစ်ဂိုဏ်းက ဖောက်ထွင်းဝင်ရောက်ခဲ့ကြောင်း ဩဂုတ် ၆ ရက်သတင်းများတွင် ဖော်ပြသည်။

ဖောက်ထွင်းသမားများ လက်ဝယ်သို့ အဖိုးမဖြတ်နိုင်သော ရှေးဟောင်းပစ္စည်းများ ပါသွားကြောင်း ဆွီဒင်ရဲတပ်ဖွဲ့က ပြောကြားသည်။

တန်ဆာဆင်ထား

အဆိုပါ တရုတ်ယဉ်ကျေးမှုပုံစံ စံအိမ်သည် ၁၇၅၃ ခုနှစ်တွင် ဆွီဒင်ဘုရင် အဒေါ့ဖ်ဖရက်ဒရစ်ခ်က ၎င်း၏ မိဖုရားလူဝီဆာအာရီကာအား မွေးနေ့လက်ဆောင်အဖြစ် ပေးအပ်ခဲ့သော စံအိမ်ဖြစ်ပြီး ၁၈ ရာစုလက်ရာ တရုတ်ပန်းအိုးများဖြင့် တန်ဆာဆင်ထားသည်။



ဖောက်ထွင်းသူများ ဝင်ရောက်ခဲ့သော ၁၈ ရာစုလက်ရာ တရုတ်လက်မှုပညာဖြင့် တည်ဆောက်ထားသော ဆွီဒင် တော်ဝင်မိသားစု၏ စံအိမ်တော်။ *(ဓာတ်ပုံ-အင်တာနက်)*

ထွက်ပြေးလွတ်မြောက်

ယင်းစံအိမ်တော်ကိုလုံခြုံရေးအစောင့်များကင်းလှည့်ကြည့်ရှုအပြီးဖောက်ထွင်းသမားများကဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ အရေးပေါ်အချက်ပေးသံထွက်ပေါ်လာ၍ လုံခြုံရေးတာဝန်ရှိသူများက ယင်းအဆောက်အအုံသို့ အမြန်ပြန်လည်သွားရောက်ခဲ့သော်လည်း ဖောက်ထွင်းသမားများသည် ထွက်ပြေးလွတ်မြောက်သွားကြောင်းသိရသည်။

ဖောက်ထွင်းရေးသမားများ ယင်းစံအိမ်အတွင်းသို့ ဝင်ရောက်ချိန်မှ ထွက်ပြေး လွတ်မြောက်သည်အထိ အချိန်ခြောက်မိနစ်သာ ကြာမြင့်ခဲ့ကြောင်း သိရသည်။

မသိရသေး

အဆိုပါ ဖောက်ထွင်းသူများသည် စံအိမ်အတွင်းသို့ အနောက်ဘက်မှ ဝင်ရောက်ခဲ့ခြင်းဖြစ်ပြီး အတွင်း၌ ရှေးခေတ် တရုတ်ပန်းအိုးသုံးလုံးကို ခွဲခြေခဲ့ကြောင်း၊ ဖောက်ထွင်းသမားများ လက်၌ အနုပညာလက်ရာပစ္စည်းများ မည်မျှပါသွားသည်ကို မသိရသေးကြောင်းဆွီဒင်ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူများက ပြောကြားသည်။

အင်တာနက်။

ပိုးသတ်ဆေးကြွင်း အဆိပ်သင့်ခြင်းအန္တရာယ်

ပါမောက္ခ ဦးကျော်မြင့်ဦး
(မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့)

ကောက်ပဲသီးနှံများအား ပိုးသတ်ဆေးများ ပက်ဖျန်းသည့်အခါ ပိုးသတ်ဆေးပမာဏ အနည်းငယ်သည် ကောက်ပဲသီးနှံများထဲ၌ ရိတ်သိမ်းပြီးသော်လည်း ဆက်လက် ကြွင်းကျန်တည်ရှိနေကြပါသည်။ ထိုသို့ ကောက်ပဲသီးနှံများထဲ၌ ကြွင်းကျန်လျက်ရှိနေသော ပိုးသတ်ဆေးပမာဏကို ပိုးသတ်ဆေးကြွင်း (Pesticide Residue) ဟု ခေါ်ဆိုပါသည်။ ပိုးသတ်ဆေးကြွင်းများကို လတ်ဆတ်သော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ၊ စည်သွတ်ထားသော သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ၊ ကောက်ပဲသီးနှံများမှ ထုတ်လုပ်သော အစားအစာ၊ ဖျော်ရည်နှင့် အရက်များ၊ ပိုးသတ်ဆေးပက်ဖျန်းထားသော ကောက်ပဲသီးနှံများကို စားသုံးမိသော တိရစ္ဆာန်အသားနှင့် ပြုပြင်ထုတ်လုပ်ထားသော စည်သွတ်ထားသည့် တိရစ္ဆာန်အသားများတွင် တွေ့ရှိရပါသည်။ ပိုးသတ်ဆေးကြွင်းပါဝင်မှုမှာ ပမာဏအားဖြင့် အလွန်သေးငယ်ပါသဖြင့် တစ်သန်းပုံတစ်သန်းပုံ(ပီပီအမ်)ဖြင့် တိုင်းတာဖော်ပြပါသည်။

(က) ငါးများ၌ တွေ့ရသော ပိုးသတ်ဆေးကြွင်းများ

ပိုးသတ်ဆေးပျော်ဝင်နေသော ရေထုထဲ၌ရှိသော ငါးများ၏ ခန္ဓာကိုယ်ထဲ၌ ပိုးသတ်ဆေးကြွင်းများကို တွေ့ရှိရကြောင်း သုတေသနမှတ်တမ်းများအရ သိရှိရပါသည်။ ၂၀၀၉ ခုနှစ်က အိန္ဒိယနိုင်ငံမှ ထုတ်ပြန်သော သုတေသနမှတ်တမ်းများအရ အိန္ဒိယနိုင်ငံ ကူလာရူးရေကန်ထဲ၌ ငါးများ၏ အသားထဲတွင် မာလာသီယွန် ပိုးသတ်ဆေးကြွင်း သုည ဒသမ ၂၅ ပီပီအမ်၊ အင်ဒိုဆလ်ဖန် ပိုးသတ်ဆေးကြွင်း ၇ ဒသမ ၆ ပီပီအမ်၊ ဒီအယ်ဒရင်း ပိုးသတ်ဆေးကြွင်း သုည ဒသမ ၂ ပီပီအမ်နှင့် ဒီဒီတီပိုးသတ်ဆေးကြွင်း ၁၅ ဒသမ ၇ ပီပီအမ် ပါရှိကြောင်း သိရှိရပါသည်။

(ခ) အမဲသားများ၌ တွေ့ရသော ပိုးသတ်ဆေးကြွင်းများ

ဂါနာနိုင်ငံမှ ၂၀၀၇ ခုနှစ်ကထုတ်ပြန်သော သုတေသနမှတ်တမ်းအရ ဂါနာနိုင်ငံရှိ သားသတ်ရုံများမှ အမဲသားများထဲ၌ ပိုးသတ်ဆေးကြွင်းပါဝင်မှုမှာ လင်ဒိန်းပိုးသတ်ဆေးကြွင်း သုည ဒသမ ၁၇ ပီပီအမ်၊ ဒီအယ်ဒရင်း ပိုးသတ်ဆေးကြွင်း သုည ဒသမ ၆ ပီပီအမ်နှင့် ဒီဒီတီပိုးသတ်ဆေးကြွင်း ၄၀ ဒသမ ၃၈ ပီပီအမ်ဖြစ်ကြောင်း သိရှိရပါသည်။

(ဂ) အသီးနှင့်ဟင်းသီးဟင်းရွက်များ၌ တွေ့ရသော ပိုးသတ်ဆေးကြွင်းများ

အမေရိကန်ပြည်ထောင်စု ပိုးသတ်ဆေးကြွင်း သုတေသနလုပ်ငန်းအဖွဲ့၏ ၂၀၀၈ ခုနှစ်က ထုတ်ပြန်သော သုတေသနမှတ်တမ်းအရ အမေရိကန်ပြည်ထောင်စုတွင် ပိုးသတ်ဆေးအမျိုးမျိုးတို့၏ ဆေးကြွင်းများသည် အသီးနှင့် ဟင်းသီးဟင်းရွက်အလိုက်၊ မက်မွန်သီးတွင် ၁ ဒသမ ၁၃ ပီပီအမ်၊ ပန်းသီးတွင် သုည ဒသမ ၈၉ ပီပီအမ်၊ ငရုတ်ကောင်းတွင် သုည ဒသမ ၁၃ ပီပီအမ်၊ စတော်ဘယ်ရီသီးတွင် သုည ဒသမ ၇၉ ပီပီအမ်၊ အာလူးတွင် ၁ ဒသမ ၆၅ ပီပီအမ်၊ မုန်လာဥဝါတွင် သုည ဒသမ ၀၄၆ ပီပီအမ်၊ သခွားသီးတွင် သုည ဒသမ ၅၇ ပီပီအမ်၊ လိမ္မော်သီးတွင် သုည ဒသမ ၁ ပီပီအမ်၊ ခရမ်းချဉ်သီးတွင် သုည ဒသမ ၀၂၉ ပီပီအမ်၊ သင်္ဘောသီးတွင် သုည ဒသမ ၀၅၃ ပီပီအမ်၊ ငှက်ပျောသီးတွင် သုည ဒသမ ၀၂၉ ပီပီအမ်နှင့် သရက်သီးတွင် သုည ဒသမ ၀၅၇ ပီပီအမ်ပါရှိကြောင်း သိရှိရပါသည်။

(ဃ) ပန်းဂေါ်ဖီ၌ တွေ့ရသော ပိုးသတ်ဆေးကြွင်းများ

ပါကစ္စတန်နိုင်ငံ ပီရှာဝါစိုက်ပျိုးရေးတက္ကသိုလ်မှ ၂၀၀၃ ခုနှစ်က ထုတ်ပြန်သော သုတေသနမှတ်တမ်းအရ ဆိုင်ပါမီတရင်ပိုးသတ်ဆေးကို ပန်းဂေါ်ဖီတွင် ပက်ဖျန်းပြီးပြီးချင်း ဆေးကြွင်း ၃ ဒသမ ၇၄ ပီပီအမ်၊ ပက်ဖျန်းပြီး တစ်ရက်အကြာတွင် ၁ ဒသမ ၀၄ ပီပီအမ်၊ သုံးရက်အကြာတွင် သုည ဒသမ ၇၃ ပီပီအမ်၊ ငါးရက်အကြာတွင် သုည ဒသမ ၃၅ ပီပီအမ်၊ ခုနစ်ရက်အကြာတွင် သုည ဒသမ ၁၇ ပီပီအမ်၊ ၁၀ရက်အကြာတွင် သုည ဒသမ ၁ ပီပီအမ်နှင့် ၁၅ ရက်အကြာတွင် သုည ဒသမ ၀၇ ပီပီအမ် တွေ့ရှိကြောင်း သိရှိရပါသည်။

(င) ပိုးသတ်ဆေးကြွင်းများ လူတို့၏ခန္ဓာကိုယ်ထဲသို့ ရောက်ရှိပြီး ရောဂါများ ဖြစ်ပေါ်ခြင်း

ပိုးသတ်ဆေးကြွင်းများပါရှိသော ငါး၊ ရေသတ္တဝါ၊ တိရစ္ဆာန်အသား၊ အသီးနှင့် ဟင်းသီးဟင်းရွက်များကို လူသားတို့က စားသုံးမိပါက လူတို့၏ ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးကြွင်းများရောက်ရှိသွားမည် ဖြစ်ပါသည်။ ထို့အတူ ပိုးသတ်ဆေးပါဝင်သောလေကို ရှူရှိုက်မိခြင်းနှင့် ခန္ဓာကိုယ်ပေါ်သို့ ပိုးသတ်ဆေးရည်များ ကျရောက်၍ ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်ခြင်းတို့ကြောင့်လည်း လူတို့၏ ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးကြွင်းများ ရောက်ရှိသွားကြပါသည်။ အမေရိကန်ပြည်ထောင်စုတွင် သက်ကြီး ၈၀ ရာခိုင်နှုန်းနှင့် ကလေး ၉၀ ရာခိုင်နှုန်းတို့၏ ခန္ဓာကိုယ်ထဲ၌ ပိုးသတ်ဆေးကြွင်းများရှိနေကြောင်း သုတေသနမှတ်တမ်းများအရ သိရှိရပါသည်။

ဗြိတိသျှ ဆေးပညာဂျာနယ်၏ ၁၉၆၈ ခုနှစ် ထုတ်ပြန်သော သုတေသနမှတ်တမ်းအရ ဒီအယ်ဒရင်းနှင့် ဒီဒီတီပိုးသတ်ဆေးကြွင်းများကို လူတို့၏ အဆီလွှာထဲ၌ တွေ့ရှိရပြီး အမျိုးသားများတွင် အမျိုးသမီးများထက် ပိုးသတ်ဆေးကြွင်းများ ပိုမိုတွေ့ရှိရကြောင်း သိရှိရပါသည်။ အီရန်နိုင်ငံမှ ၂၀၀၄ ခုနှစ် ထုတ်ပြန်သော သုတေသနမှတ်တမ်းတွင် အသက်လေးနှစ်မှ ၉၁ နှစ်အရွယ် အတွင်း သေဆုံးသူများ၏ ခန္ဓာကိုယ်ကို ခွဲစိတ်ပြီး သုတေသနပြုခဲ့ရာ ၎င်းတို့၏ ခန္ဓာကိုယ်အဆီလွှာထဲ၌ ဒီအယ်ဒရင်းနှင့် ဒီဒီတီပိုးသတ်ဆေးကြွင်းများကို တွေ့ရှိရကြောင်း ဖော်ပြထားပါသည်။ ၎င်းအပြင် အသက် ၇၀အရွယ်ရှိ လူတို့၏ခန္ဓာကိုယ်ထဲ၌ ပိုးသတ်ဆေးကြွင်းများကို ပိုမိုတွေ့ရှိရကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံမှ ၂၀၀၈ ခုနှစ်ထုတ်ပြန်သော သုတေသနမှတ်တမ်းအရ အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်ရှိ တောင်သူလယ်သမားများ၏ သွေးနမူနာကို စစ်ဆေးရာ၌ ၆၅ ရာခိုင်နှုန်း သွေးနမူနာများတွင် သွေးဆဲလ်အတွင်း၌ ဒီအင်န်အေပြောင်းလဲမှု (Mutated DNA) ဖြစ်ပေါ်လျက်ရှိနေခြင်းကြောင့် ကင်ဆာရောဂါကို အလွယ်တကူဖြစ်စေနိုင်ကြောင်း သိရှိရပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ တောင်သူလယ်သမားများသည် ပိုးသတ်ဆေးပက်ဖျန်းရာတွင် မိမိတို့ခန္ဓာကိုယ်အား အကာအကွယ်များ မပြုလုပ်ခြင်းကြောင့် ပိုးသတ်ဆေးများ ၎င်းတို့ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်ခြင်းကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံမှ ၁၉၉၈ ခုနှစ်ကထုတ်ပြန်သော သုတေသနမှတ်တမ်းအရ ထိုင်းနိုင်ငံမြောက်ပိုင်း ဇင်းမယ်မြို့နှင့် ၂၅ မိုင်ကွာဝေးသော မေဆမိုင်ကျေးရွာတွင် နေထိုင်ကြသော ကလေးမွေးပြီးစ မိခင်များ၏ နို့ရည်နမူနာများကို သုတေသနပြုလုပ်ရာတွင် ၎င်းတို့၏ နို့ရည်များထဲ၌ ဒီဒီတီပိုးသတ်ဆေးကြွင်းများကို တွေ့ရှိရပြီး အဆိုပါ ဆေးကြွင်းပမာဏမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသော လက်ခံနိုင်သည့် ပမာဏထက် များစွာ ပိုမိုနေကြောင်း သိရှိရပါသည်။

ပိုးသတ်ဆေးကြွင်းများသည် လူတို့၏ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားပြီးနောက် ဆေးကြွင်းပမာဏ များပြားခြင်းမရှိပါက ချက်ချင်း ရောဂါလက္ခဏာမပြဘဲ အချိန်ကြာလာသည်နှင့်အမျှ ပိုးသတ်ဆေးကြွင်း ပမာဏများပြားလာကာ အဆုတ်ရောဂါ၊ အစာအိမ်ရောဂါ၊ မှတ်ဉာဏ်ဆုတ်ယုတ်သည့်ရောဂါ၊ အရေပြားရောဂါ၊ အာရုံခံစားမှု လျော့ကျသည့်ရောဂါ၊ အသည်းရောဂါ၊ ကင်ဆာရောဂါ၊ ကိုယ်ဝန်ပျက်ခြင်းနှင့် အင်္ဂါမစုံသော သားသမီးများ မွေးဖွားခြင်းတို့ကို ဖြစ်ပေါ်စေကာ နောက်ဆုံးတွင် အသက်ပင် ဆုံးရှုံးစေနိုင်ပါသည်။

(စ) ပိုးသတ်ဆေးကြွင်းများ လူတို့၏ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်မှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်နိုင်သည့်နည်းလမ်းများ

ပိုးသတ်ဆေးကြွင်းပမာဏ အနည်းငယ်သည် လူတို့၏ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားသော်လည်း ချက်ချင်း ရောဂါလက္ခဏာမပြဘဲ အချိန်အတော်ကြာလာပြီး ပိုးသတ်ဆေးကြွင်း ဝင်ရောက်မှုပမာဏ များလာသည့်အခါမှသာ ရောဂါများဖြစ်ပေါ်ပါသဖြင့် လူသားတို့အနေဖြင့် ပိုးသတ်ဆေးကြွင်းများကြောင့် အဆိပ်သင့်နိုင်မှု၊ အန္တရာယ်ကို အလေးထားမှု နည်းပါးလျက်ရှိနေကြပါသည်။ သို့ဖြစ်ပါ၍ ပိုးသတ်ဆေးကြွင်းများ လူတို့၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်မှု နည်းနိုင်သမျှနည်းအောင် အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါသည် -

၁။ လတ်ဆတ်သောအသား၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များကိုသာ တတ်နိုင်သမျှ စားသုံးကြရန်ဖြစ်ပြီး မစားသုံးမီ ရေဖြင့်အတတ်နိုင်ဆုံး စင်ကြယ်အောင် ဆေးကြောရပါမည်။

၂။ အလွှာများစွာပါသော ဂေါ်ဖီထုပ်တို့၏ အပြင်ဘက်ဆုံးအလွှာ၌ ပိုးသတ်ဆေးကြွင်းများ ပါရှိနိုင်ပါသဖြင့် ခွာပြီး စွန့်ပစ်သင့်ပါသည်။

၃။ ပန်းသီးနှင့် သစ်တော်သီးစသည့် အသီးများ၏ အပြင်ဘက်အခွံများ၌ ပိုးသတ်ဆေးကြွင်းများ ပါရှိနိုင်ပါသဖြင့် အခွံများကိုခွာပြီးမှ စားသုံးသင့်ပါသည်။ သုတေသနမှတ်တမ်းများအရ အသီးအခွံထဲ၌ ပိုးသတ်ဆေးကြွင်း ၅၀ ရာခိုင်နှုန်းခန့်ပါရှိကြောင်း သိရှိရပါသည်။

၄။ ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို ဆားရည်၌ သင့်တင့်သော အချိန်အတိုင်းအတာတစ်ခုထိ နှစ်စိမ်ထားခြင်းဖြင့် ပိုးသတ်ဆေးကြွင်းအချို့ကို ဖယ်ရှားပစ်နိုင်ပါသည်။ သုတေသနတွေ့ရှိချက်အရ ပိုးသတ်ဆေးပက်ဖျန်းပြီးခါစ ငရုတ်သီးစိမ်းကို ၂ ရာခိုင်နှုန်း ဆားရည်၌ ၁၀ မိနစ်ခန့်စိမ်ထားပါက ပိုးသတ်ဆေးကြွင်း ၃၃ ရာခိုင်နှုန်းကို ဖယ်ရှားနိုင်ပြီး အကယ်၍ ပိုးသတ်ဆေးပက်ဖျန်းပြီး ငါးရက်ကြာသော ငရုတ်သီးစိမ်းကို ထိုကဲ့သို့ ဆောင်ရွက်ပါက ပိုးသတ်ဆေးကြွင်း ၈၄ ရာခိုင်နှုန်းကို ဖယ်ရှားနိုင်ကြောင်း သိရှိရပါသည်။

၅။ ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ အသုံးပြု၍ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက် အသီးအနှံများကို စားသုံးခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ကြပြီး သဘာဝမှ ထုတ်လုပ်သော ပိုးသတ်ဆေးနှင့် မြေသြဇာများ အသုံးပြု၍ စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက် (Organic Food) များကို စားသုံးသင့်ပါသည်။

၆။ ပိုးသတ်ဆေးကြွင်းများသည် အဓိကအားဖြင့် တိရစ္ဆာန်များ၏ အဆီလွှာများထဲ၌ ရှိနေကြပါသဖြင့် တိရစ္ဆာန်အသားထဲမှ အဆီလွှာများကိုဖယ်ရှားပြီးမှ ကျက်အောင် ချက်ပြုတ်စားသုံးသင့်ပါသည်။

၇။ ပိုးသတ်ဆေး အဆိပ်သင့်၍ ချက်ချင်းသေဆုံးသော ငါးများ၏ ပါးစပ်နှင့်ပါးဟက်များမှာ ဟနေပြီး ဝမ်းဗိုက်မှာလည်း ဖောင်းကားနေတတ်ပါသဖြင့် အဆိုပါ ငါးမျိုးတို့ကို စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။

၈။ ငါးများကို ဆီဖြင့်ကြော်စားခြင်းအားဖြင့် ငါးထဲရှိ ပိုးသတ်ဆေးကြွင်း ၇၅ ရာခိုင်နှုန်းသည် အကြော်ဆီထဲသို့ ရောက်ရှိသွားသဖြင့် ပိုးသတ်ဆေးကြွင်းများ လူတို့၏ခန္ဓာကိုယ်ထဲ ရောက်ရှိမှုကို အတိုင်းအတာတစ်ခုထိ ကာကွယ်နိုင်ကြောင်း သုတေသနမှတ်တမ်းများအရ သိရှိရပါသည်။

၉။ ပိုးသတ်ဆေး သုံးစွဲသူများအနေဖြင့် ပိုးသတ်ဆေးပက်ဖျန်းရာတွင် မျက်စိ၊ နှာခေါင်းနှင့် ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးများ မဝင်ရောက်နိုင်ရန် အကာအကွယ်များ မဖြစ်မနေ အသုံးပြုရပါမည်။

၁၀။ ပိုးသတ်ဆေး ပက်ဖျန်းနေချိန်တွင် ကလေး၊ လူကြီးနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် ပိုးသတ်ဆေး ပက်ဖျန်းနေသည့်နေရာနှင့် ဝေးသည့်နေရာတွင် ခေတ္တရှောင်ရှားနေသင့်ပါသည်။

၁၁။ ပိုးသတ်ဆေးသုံးစွဲသူများသည် ပိုးသတ်ဆေး ဖိတ်စဉ်ကျရောက်မှုကြောင့် မိမိခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးများ စိမ့်ဝင်ရောက်ရှိမှုမရှိစေရန် အထူးဂရုပြုကြရပါမည်။ အကယ်၍ မတော်တဆ ခန္ဓာကိုယ်ပေါ်သို့ ပိုးသတ်ဆေးများ ဖိတ်စဉ်ကျရောက်ပါက ချက်ချင်း ရေဖြင့် အထပ်ထပ်၊ အကြိမ်ကြိမ် စင်ကြယ်အောင် မဖြစ်မနေ ဆေးကြောရပါမည်။

အထက်ဖော်ပြပါ အကြောင်းအရာများကို သိရှိလိုက်နာ ဆောင်ရွက်ခြင်းအားဖြင့် လူသားတို့၏ ခန္ဓာကိုယ်ထဲသို့ ပိုးသတ်ဆေးကြွင်းဝင်ရောက်မှု နည်းနိုင်သမျှနည်းအောင် ကာကွယ်ဆောင်ရွက်နိုင်ကြမည်ဖြစ်ကာ ပိုးသတ်ဆေးကြွင်းများ ခန္ဓာကိုယ်ထဲဝင်ရောက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော ရောဂါများမှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ဇူလိုင် ၂၇ ရက်က ဘုတ်ပြင်းမြို့ မြို့သာယာလှပရေးအတွက် အဖွဲ့လိုက် ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသည့် ပန်းအလှပင်များ မိုးရာသီမြေချ စိုက်ပျိုးလျက်ရှိရာ မြို့တွင်း တပင်ရွှေထီးလမ်းမကြီးတစ်လျှောက် စိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးစိုးမြင့် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၈-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	ကဗျာပန်းဥယျာဉ်
၈း၀၀	၇။	အဆိုပြိုင်ပွဲ
၈း၁၀	၈။	တေးဂီတအစီအစဉ်
၈း၂၅	၉။	"နှစ်သက်ဖွယ်ရာပရိဘောဂ လုပ်တဲ့မြန်မာ့သစ်မာ"
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	Local Talent
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀	၄။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၂၀	၅။	Yan Can Cook
၁း၄၀	၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ"(အပိုင်း-၁၁)**
၂း၃၀	၇။	"နှစ်စဉ်နွှဲပျော်ဝါဆိုခြင်းပွဲတော်"
၂း၄၅	၈။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၅၀	၉။	International News
၃း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၀	၃။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၃၀	၄။	အဆိုပြိုင်ပွဲ
၄း၃၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ)
၄း၅၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀	၇။	"ကြိုဆိုလျက်ပါ"
၅း၁၅	၈။	တေးဂီတအစီအစဉ်
၅း၂၅	၉။	International Science News
၅း၃၀	၁၀။	ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	အလှရှာမယ်လှကမ္ဘာဝယ်
၆း၃၅	၁၄။	**ယဉ်တစ်ကိုယ်မယ် (သရုပ်ဆောင်-မယ်လိုဒီ) (ဒါရိုက်တာ-မင်းဇေယျာလင်း)**
၇း၀၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်"(အပိုင်း-၃)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	ငါတို့ခွန်အား (မျိုးကြီး၊ တေးရေး-လင်းလင်း)
	၂၀။	**ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၄၈)**
	၂၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး"(အပိုင်း-၉)**
	၂၂။	ဂီတတံခါးလေးဖွင့်ပါဦး
	၂၃။	အစီအစဉ်ပြီး၏။

စွမ်းအင်ဝန်ကြီးဌာန တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် တတိယ အကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာ တန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။ (စွမ်းအင်)

နေပြည်တော် ဩဂုတ် ၆

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနရုံးများ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် အရိပ်ရလေကာပင်များ၊ စားပင်၊ သီးပင်နှင့် နှစ်ရှည်ပင်များကို စိုက်ပျိုးပေးကြသည်။ ယင်းနောက် ဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်နယ်မြေဧရိယာအတွင်း သန့်ရှင်းသပ်ရပ် သာယာလှပ စိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၀၆ ခုနှစ် မှစတင်ကာ နှစ်ရှည်အရိပ်ရ လေကာပင်များ၊ နှစ်ရှည် သီးပင်စားပင်များနှင့် ပန်းအလှပင်များ စုစုပေါင်း အပင်ရေ ၅၄၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ရာ ယခု တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ခရေ၊ စိန်တလုံးသရက်၊ ဟော်လန်သံပရာနှင့် အခြားအရိပ်ရ လေကာပင်မျိုးစုံ စုစုပေါင်း ၄၀၀၀ ကျော် စိုက်ပျိုးခဲ့ကြသဖြင့် စုစုပေါင်း အပင် ၅၈၀၀၀ ကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်-နေ့လယ်-ည) ၇-၈-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅	နိုင်ငံတော်သီချင်း+ကြေညာချက် တရားတော် (မောရသုတ်+ဝဋ္ဋသုတ်)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (နှလုံးလှ အဆုံးအမတော်များ) တေးပဒေသာ
၈း၄၀	ဘဝအသွင် ကဗျာ့အမြင် (အဖြူထဲကအလင်း) တေးပဒေသာ
၁၀း၀၀	မွေးနေ့လက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	ရင်ခုန်စီးဆင်းအနုပညာသတင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကလေးများအတွက်တေးသီချင်း-မြန်မာဟော့မြန်မာ)
၁၁း၂၀	အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (ရင်ခုန်ရသော ထိုတစ်နေ့) တေးပဒေသာ
၁၂း၀၀	စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၆၁)
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (ပဥ္စရူပ)
၁၂း၃၀	ဟန်မျိုးစုံညီတေးကိုသီ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	လေလှိုင်းကြားကပွဲတင်သံ
၅း၁၅	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ခေတ်မရွေးသောတေးများ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ
၆း၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၇း၀၀	နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၇း၁၀	တေးပဒေသာ
၇း၁၅	သူ့အကြိုက်သူ့အသွင် (ရိန်မိုး)
၇း၃၀	ကျန်းမာရေးရာသိကောင်းစရာ (မျက်စိကူးစက်နာ ရောဂါ) တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၈း၃၀	သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၈း၄၅	ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀	Radio Internet(23)
၉း၁၀	ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ဘဏ်လုပ်ငန်းဆိုင်ရာ အထောက်အကူပြု လက်တွေ့ သင်တန်းများအကြောင်း စာနယ်ဇင်းရှင်းလင်း

ရန်ကုန် ဩဂုတ် ၆

Ability Software Services Co.,Ltd. က စီစဉ်ပြီး Cyber Sky Computer Training Center ၌ ဖွင့်လှစ်မည့် ဘဏ်လုပ်ငန်းဆိုင်ရာ အထောက်အကူပြု လက်တွေ့သင်တန်းများအကြောင်း စာနယ်ဇင်းရှင်းလင်းပွဲကို ဩဂုတ် ၅ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ City Star Hotel ၌ ကျင်းပရာ ဘဏ်အရာရှိများနှင့် စာနယ်ဇင်းဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ Ability Software Services Co.,Ltd. မှ တာဝန်ရှိသူ ဆရာဦးသိန်းဆွေက အဆိုပါသင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီး စာနယ်ဇင်းများက မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

သင်တန်းအနေဖြင့် Level(1) Daily Banking Operation Level (2) Bank Accounts Management Course ဟူ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် Level(1) Daily Banking Operation တွင် ဘဏ်လုပ်ငန်း၌ ဝင်ရောက်လုပ်ကိုင်ရန် ရည်ရွယ်ထားသူများ အခြေခံကျကျ သိထားသင့်သည့် ဘဏ်လုပ်ငန်းဆိုင်ရာ အင်္ဂလိပ်အခေါ်အဝေါ်များ၊ Usage များ၊ Terms များ ပြောဆိုမှုများပါဝင်သည့် English for banking, စာရင်းကိုင်ပညာရပ်ကိုပါ သိထားရန်အတွက် Accounting Basic နှင့် ဘဏ်၏ Daily Operation များတွင် ပါဝင်သည့် Vouchering, Daybook, Transfer Scroll, Rough Sheet, Bank Cash Scroll, Clean Cash, Trial Balance ရေးဆွဲခြင်းများအပြင် Savings Interest, OD Interest, Loan Interest, Time Deposit Interest, Returns of General Ledger Balance, Income & Expenditure Statement, Balance Sheet များကိုပါ စာတွေ့လက်တွေ့ (Manual) ဆောင်ရွက်ရမည်ဖြစ်ပြီး Computerized စနစ်၏ ကွာခြားချက်များ၊ အားသာချက်များကို သတိပြုနိုင်ရန် Computerized Banking System ကိုပါ လေ့လာခွင့်ရရှိမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ အနည်းဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး အလုပ်ရရှိရန်လည်း ကူညီလျှောက်ထားပေးမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ သုံးလစီကြာမည်ဖြစ်ကြောင်းသိရပြီး အသေးစိတ် သိလိုပါက Cyber Sky Computer Training Center အမှတ် (၈၉) အနော်ရထာလမ်း (ဆိပ်ကမ်းသာလမ်းထောင့်) ရန်ကုန်မြို့ ဖုန်း-၃၈၈၈၀၈နှင့် ၀၉-၅၀၇၂၃၆၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျောက်ချောလမ်းခင်း ကွင်းဆင်းစစ်ဆေး

ငဖဲ ဩဂုတ် ၆

ငဖဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်သည့် ဦးဥတ္တမလမ်း ကျောက်ချောလမ်းခင်းခြင်း (အရှည် ပေ ၃၉၀ × အကျယ် ၁၂ ပေ)ရှိ လမ်းလုပ်ငန်းဆောင်ရွက်နေမှုကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းငွေက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင် ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများ အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ သက်သက်ဇင်က အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှုတွင် ပထမဆုရ ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်၊ ဒုတိယဆုရ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်နှင့် တတိယဆုရ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းက အထူးဆု ရရှိကြသော ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၊ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပညာပေးဆွေးနွေး

မန်တုံ ဩဂုတ် ၆

ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူးကြီးမှူး၍ ၂၀၁၀-၂၀၁၁ စိုက်ပျိုးရေး ရာသီတွင် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ပညာပေးဟောပြောပွဲကို ဇူလိုင် ၃၁ ရက်က မန်တုံမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ကျောက်မဲခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ တားဆီးကာကွယ်ရေးဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ခိုင်ဦးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အမှိုက်စွန့်ပစ်မြေနေရာသစ်သွားလမ်းဖောက်လုပ်နေမှုကို ဩဂုတ် ၁ ရက်က အမှုဆောင်အရာရှိ ဦးအောင်ဌေးကြွယ်နှင့် အင်ဂျင်နီယာမှူး ဦးမျိုးမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

နယ်စပ်/စည်ပင်ဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်

နေပြည်တော် ဩဂုတ် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် တက်ရောက်အမှာစကား ပြောကြားပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ၊ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရရှိသူ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ မောင်စိုးလွင်ထွန်း၊ မောင်ထွန်းအောင်လင်း၊ မတိုးတိုးခိုင်၊ မခိုင်နေဝင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ မောင်နေအောင်ဝင်းတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်က နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ငါးဘာသာဂုဏ်ထူးရရှိသူ နှစ်ဦးနှင့် သုံးဘာသာဂုဏ်ထူးရရှိသူ တစ်ဦးတို့အား လည်းကောင်း၊ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ငါးဘာသာဂုဏ်ထူးရရှိသူ ခြောက်ဦးနှင့် လေးဘာသာဂုဏ်ထူးရရှိသူ တစ်ဦးတို့အား လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက လေးဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦးတို့အား လည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက သုံးဘာသာဂုဏ်ထူးရရှိသူ ရှစ်ဦးတို့အား လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်စိုးလွင်ထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၀၉ - ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား၊ ကျောင်းသူ ၂၄၆ ဦး ဖြေဆိုအောင်မြင်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် ရှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၀ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၆ ဦး ထွက်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဩဂုတ် ၆

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က) နှင့်အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ဩဂုတ် ၆ ရက်တွင် **ခေတ်သစ်ပြည်သူ့ပါတီ** Modern People Party နှင့် **အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်**တို့က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

၁၃ ပါတီရှိ

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့် ပါတီ (၄၀) ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၁၃) ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

News Watch (စောင့်ကြည့်) ဂျာနယ် အတွဲ (၆)၊ အမှတ် (၄) ထွက်ရှိ

ရန်ကုန် ဩဂုတ် ၆

ဩဂုတ်လအတွင်း မုန်တိုင်းဖြစ်ပေါ်နိုင်၍ သတိထားရန်၊ လူငယ်တွေကို ဟန့်တားရင်း တုံးသွားအောင် မလုပ်ပါနဲ့ဟု လူထုစိန်ဝင်း ပြောကြား၊ လူကုန်ကူးခံရသူတွေအတွက် အခမဲ့ ဆောင်ရွက်ပေးသည့် ဥပဒေအတိုင်ပင်ခံအဖွဲ့၊ ဈေးများအတွင်း သဘာဝ သားငါး၊ ပုစွန်များ နည်းပါးလာ၊ မန္တလေးတွင် လိုင်စင်မရှိသည့်လုပ်ငန်းများ အရေးယူတော့မည်၊ ဝါတွင်းကာလ အိမ်၊ ခြံ၊ မြေ ရင်းနှီးမြှုပ်နှံသူများလာ၊ ကမ်းနားလမ်းသစ်နှင့် လမ်းဟောင်းကြား ဖြတ်လမ်း ၂၇ ခု ဆောက်လုပ်မည်၊ စစ်တွေဈေးကြီးကိုလာသည့် ခရီးသည်နှင့် မော်တော်များအတွက် ဖောင်တော်သစ်တည်ဆောက်ပြီးစီး၊ ငါးသိန်းတန် ဖုန်း နယ်များတွင် ချပေးမည်၊ သီရိမင်္ဂလာဈေးသစ် ဩဂုတ်လတွင် တည်ဆောက်ပြီးစီးမည်၊ တရားမဝင် မော်တော်ယာဉ်များ လိုင်စင်လုပ်ရာတွင် ဈေးလျှော့ပေး၊ TATA အိန္ဒိယစက်မှုကုမ္ပဏီကြီး မြန်မာပြည်တွင် စတင်လည်ပတ်တော့မည်၊ ဒေါ်လာဈေးတက်ပြီး ရွှေဈေး ကျရိပ်ပြ၊ စည်ကားစပြုနေသော တောင်ပြန်းပွဲဈေး၊ ဆန်အိတ်တစ်တန်ခန့်ကို ခိုးယူသယ်ဆောင်သူများကို ဖမ်းမိ၊ ဒဂုံ ခေါ် ရန်ကုန်မြို့တော်အကြောင်း၊ ဇင်ယော်နီ၏ ကံကောင်းချင်သူများအတွက် ယတြာ ဂဏန်း၊ ဓာတ်ဆေးမပါ သဘာဝအတိုင်း စိုက်ပျိုးထားသော (ဩဂဲနစ်) အသီးအနှံအရောင်းဆိုင် သီးသန့်ဖွင့်လှစ်မည်၊ ထိုင်းနိုင်ငံမှ မြန်မာပြည်ထွက် ဩဂဲနစ် အသီးအနှံများ ဝယ်ယူလို၊ ပညာသင်စရိတ် အခက်အခဲရှိသူများ အတွက် ပညာသင်ဆုပေးမည်၊ မောင်သန်းဆွေ (ထားဝယ်) ရဲ့ ဖူးစာနှစ်ခိုင်၊ စားသုံးသူများ၏ အခွင့်အရေးစောင့် ရှောက်ခြင်းဖြင့် ပြည်သူ့အကျိုးကို ကာကွယ်ပါ၊ တရုတ်(တိုင်ပေ) နှင့် ကိုရီးယား ထိပ်တန်းသရုပ်ဆောင်များ၊ အမေရိကန်သမ္မတကတော် မီရှယ် အိုဘားမား၊ လိုင်ဘေးရီးယားသမ္မတဟောင်း ချားတေလာ၊ နာအိုမီကင်ဘဲလ်၊ တရုတ်ပြည်မှ အဆိုးရွားဆုံး ရေနံယိုဖိတ်မှုစတဲ့ ပြည်တွင်းပြည်ပ သတင်းများကို ဖတ်ရှုရမည့် News Watch (စောင့်ကြည့်) ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

အမ်းမြို့နယ် ချစ်ပုံမကျေးရွာ အလက(ခွဲ) ဖွင့်လှစ်

အမ်း ဩဂုတ် ၆

အမ်းမြို့နယ် ချစ်ပုံမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၅ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင်သိန်းတို့က အလယ်တန်းကျောင်း(ခွဲ)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရွာသူ၊ ရွာသားအင်အား ၈၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

အားကစားအဖွဲ့ချုပ်များ၏ လှုပ်ရှားမှုများကို အကျိုးရှိရှိ ပြန်လည်အသုံးပြု အားကစားမြှင့်တင်ရေး လုပ်ငန်းများတွင် ထိထိရောက်ရောက် အသုံးချ

နေပြည်တော် ဩဂုတ် ၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ယနေ့နံနက် ၈ နာရီတွင် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) သင်တန်းသား (၃)ထပ်ဆောင်သစ် သင်တန်းခန်းမ၌ ကျင်းပသော အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ဦးစီးအရာရှိ မွမ်းမံသင်တန်း အမှတ်စဉ်(၁၁) ဆင်းပွဲတွင် ထူးချွန်ပထမဆုရရှိသော ဦးကျော်ကျော်သိန်း(လားရှိုးမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန) အား ဆုချီးမြှင့်စဉ်။ (အား/ကာ)

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က သင်တန်းက ပို့ချလိုက်သည့် နိုင်ငံတော်၏ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသော အခြေအနေများ၊ ကမ္ဘာနှင့်အဝန်း အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသော အားကစားဆိုင်ရာ အသိပညာများ၊ အားကစားလေ့ကျင့်ရေးသဘောတရားများ၊ အားကစားဆေးပညာနှင့် သုတေသနဘာသာရပ်များ၊ ခေတ်မီနည်းစနစ်၊ နည်းဗျူဟာ၊ နည်းပညာများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဌာနဆိုင်ရာလုပ်ငန်းများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ၏ လှုပ်ရှားမှုများကို အကျိုးရှိရှိ ပြန်လည်အသုံးပြုသွားပြီး မိမိတို့ ဒေသဆိုင်ရာ အားကစားမြှင့်တင်ရေးလုပ်ငန်းများတွင် ထိထိရောက်ရောက်လက်တွေ့ အသုံးချသွားကြရန်စသည်ဖြင့် မှာကြားသည်။

လက်မှတ်ပေးအပ်

ယင်းနောက် ဝန်ကြီးက သင်တန်းသား ထူးချွန်ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၂ ဦးနှင့် သင်တန်းသူ ၁၃ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီ ကော်မရှင်အဖွဲ့ခွဲရုံးများ စစ်ဆေး

ရန်ကုန် ဩဂုတ် ၆

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လွိုင်ကော်မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များသည် ယနေ့တွင် လွိုင်ကော်မြို့နယ် မိုင်းလုံးရပ်ကွက်၊ ဓမ္မာရုံရပ်ကွက်နှင့် လောခမ္မရပ်ကွက်တို့သို့ သွားရောက်၍ ကော်မရှင်အဖွဲ့ခွဲရုံးများ ဖွင့်လှစ်ထားရှိမှု၊ မဲစာရင်းများပြုစုထားရှိမှုနှင့် မဲရုံဆောက်လုပ်မည့်နေရာများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့

☆ ကျောဖုံးမှ

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ဘင်္ဂလားပင်လယ်အော်ရှိ လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဩဂုတ် ၆

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

လိန်းလီတံတားတည်ဆောက်နေမှုနှင့် ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ပင်လောင်းမြို့နယ်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် လိန်းလီတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက တံတားဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းအဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ကယားပြည်နယ် ဖရူဆိုမြို့နယ်သို့ ရောက်ရှိပြီး တပ်နယ်မိသားစုများနှင့် တွေ့ဆုံကာ အားကစားပစ္စည်းများ၊ စားသောက်ဖွယ်ရာနှင့် သုတ၊ ရသစုံ စာစောင်များ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ဖရူဆိုမြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား ရင်းနှီးစွာ အားပေးနှုတ်ဆက်၍ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် အမှောင်ခန်း၊ ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများနှင့် ဆေးပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဖရူဆိုမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ မြို့နယ်အဆင့် ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် လွိုင်ကော်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး စာသင်ဆောင်များနှင့် စာသင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး ကျောင်းအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ကယားပြည်နယ် လွိုင်ကော်ခန်းမ၌ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်ရေး လုပ်ငန်းက တာဝန်ယူဖောက်လုပ်မည့် တောင်ငူ-မော်ချီး-လွိုင်ကော်လမ်း (ကရင်-ကယားနယ်စပ်မှ ဖားဆောင်း အပိုင်း) ပြုပြင်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် လိန်းလီတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၆

အရှေ့တောင်တိုင်းစစ်ဌာနချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ဝင်း၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက သစ်မွှေးပျိုးပင်ကို စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် မော်လမြိုင်မြို့ စက်မှုဇုန်ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စက်မှုဇုန်အတွင်းပစ္စည်းထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် မော်လမြိုင်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ခွဲစိတ်ဆောင်သစ်သို့ ရောက်ရှိပြီး အဆောက်အအုံ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မော်လမြိုင်မြို့ ကလေးကုသဆောင်သစ်သို့ရောက်ရှိကာ ကလေးငယ်များအား ဆေးကုသနေမှု၊ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုနှင့် နားနေဆောင်တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်မြို့ အမှတ်(၂) မြိုင်ရတနာဈေးနှင့် အမှတ်(၁) ဈေးကြီးတို့၌ ဈေးဆိုင်ခန်းများ၊ ဈေးအတွင်း/အပြင် သန့်ရှင်းရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကချင်ပြည်နယ် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယညွှန်ကြားရေးမှူးချုပ် လှည့်လည်စစ်ဆေး

နေပြည်တော် ဩဂုတ် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်သည် ဇူလိုင် ၂၆ ရက်မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ရှိ ပြည်နယ်/ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး စသည်ဖြင့်မှာကြားကာ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ရှိ အမှတ်(၁) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို ရောက်ရှိပြီး ပြည်ထောင်စုစိတ်ဓာတ်ခန်းမ၊ ကျောင်းသား အိပ်ဆောင်များနှင့် စိုက်ခင်းများကို လည်းကောင်း၊ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒေါ့ဖုန်းယန်မြို့ ဖွံ့ဖြိုးမှုကြီးကြပ်ရေးအဖွဲ့ခွဲရုံးနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗန်းမော်မြို့သို့ ရောက်ရှိပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၌ သင်တန်းသူများ သင်ကြားလေ့ကျင့်နေမှုနှင့် စားရိပ်သာ၊ ကျောင်းစိုက်ခင်းတို့ကိုလည်းကောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း သင်တန်းသား အိပ်ဆောင်နှင့် စားရိပ်သာများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ညနေပိုင်းတွင် ပြည်နယ်/ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဗန်းမော်)၌ ဝန်ထမ်းများအား တွေ့ဆုံကာ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် မိုးမောက်မြို့နယ် တာလီအခြေခံပညာ မူလတန်းကျောင်း၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံကာ ကျောင်းသား၊ ကျောင်းသူ ၇၈ ဦးတို့အတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဝိုင်းမော်မြို့နယ် အင်ပေါ်န် အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ ၈၆ ဦးနှင့် ဆရာ၊ ဆရာမ ခြောက်ဦး စုစုပေါင်း ၉၂ ဦးတို့အတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံများနှင့် နာရီတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၁၁) အခြေခံပညာမူလတန်းကျောင်းတွင် အလှူရှင် ဗိုလ်ကြီး စိုးသန်းအောင်၊ ဇနီး ဒေါ်အေးမြတ်ခိုင်နှင့် သူငယ်တန်းမှ သား မောင်သန့်ဘုန်းထက်တို့က ကျောင်းအတွက် အဝီစိတွင်း တူးဖော်လှူဒါန်းရာ ကုန်ကျစရိတ်စာရွက်စာတမ်းများအား ကျောင်းအုပ်ဆရာကြီး ဦးစိုးမြင့်ထံ ပေးအပ်စဉ်။ (ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၁၀ (စနေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "နှောင်ဖွဲ့မမြင်သံယောဇဉ်" တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (MDG Co.,Ltd ၏ Loyalty Customer များအားကျေးဇူးတုံ့ပြန်မှု အစီအစဉ်)
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၀)**
- ၈း၄၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၆) (ဇော်ဝင်းထွဋ်၊ အဲလက်စ်၊ ထွန်းအိန္ဒြာဗို)
- ၉း၂၀ Activities In the City (MAMEE ကံစမ်းမဲဆုချီးမြှင့်ပွဲ)
- ၉း၄၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၄၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဇော"
- ၁၁း၀၅ များလူဝေနေ ကုသိုလ်ယူ ပန်းတဉ်တန်း၏ ရွှေစင်အလှူ
- ၁၁း၂၀ Parkway Health ၏ကင်ဆာရောဂါများအကြောင်းသိကောင်းစရာများ (ဓာတ်ရောင်ခြည်ကုထုံးများနှင့် ပတ်သက်ပြီးဆွေးနွေးခြင်း)
- ၁၁း၅၀ HIP HOP ACOUSTICS ကြိုတင်ပြင်ဆင်နေမှုများ
- ၁၂း၀၅ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
- ၁၂း၂၀ သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပေါင်းဝင်"
- ၁၂း၃၀ ဒွါရာဝတီ၏အနုပညာ. . . ဝါးရက်ကန်းလက်ရာ
- ၁၂း၄၅ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်
- ၁း၀၀ "နှောင်ဖွဲ့မမြင်သံယောဇဉ်" တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Talent Show (နားဆင်ခံစား ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ဂီတသံစဉ်များ)
- ၃း၀၅ များလူဝေနေ ကုသိုလ်ယူ ပန်းတဉ်တန်း၏ ရွှေစင်အလှူ
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၀)**
- ၄း၁၅ Activities In the City (MAMEE ကံစမ်းမဲဆုချီးမြှင့်ပွဲ)
- ၄း၃၅ အနုပညာကြယ်ပွင့်များနှင့် သားအိမ်ခေါင်းကင်ဆာစကားဝိုင်း (ဒေါက်တာခင်သိန်းဦး၊ တင်မိုးလွင်၊ မေသန်းနု၊ ခိုင်သင်းကြည်၊ မေသူ)
- ၅း၀၅ HIP HOP ACOUSTICS ကြိုတင်ပြင်ဆင်နေမှုများ
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့တေးလက်ဆောင်-မေခလာ)
- ၆း၄၀ သွားမယ်စားမယ် (H_2O)
- ၇း၀၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲ (အပိုင်း-၇) (ဇော်ဝင်းထွဋ်)
- ၇း၄၀ မြန်မာ့နေရှင်နယ်လိဂ် ဒုတိယအကျော့မတိုင်မီ ကြိုတင်ပြင်ဆင်မှုများနှင့် KBZ F.C
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၉း၀၀ သွားမယ်စားမယ် (H_2O)
- ၉း၂၀ ရန်ကုန်မြင်ကွင်းကျယ် (MDG Co.,Ltd ၏ Loyalty Customer များအားကျေးဇူးတုံ့ပြန်မှု အစီအစဉ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၀)**
- ၁၀း၀၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ဇော"
- ၁၀း၂၀ Sports World
- ၁၀း၄၅ Parkway Health ၏ကင်ဆာရောဂါများအကြောင်းသိကောင်းစရာများ (ဓာတ်ရောင်ခြည်ကုထုံးများနှင့် ပတ်သက်ပြီးဆွေးနွေးခြင်း)
- ၁၁း၁၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ရဲ့တေးလက်ဆောင်-မေခလာ)
- ၁၁း၃၀ မြန်မာ့နေရှင်နယ်လိဂ် ဒုတိယအကျော့မတိုင်မီ ကြိုတင်ပြင်ဆင်မှုများနှင့် KBZ F.C
- ၁၁း၄၅ Talent Show (နားဆင်ခံစား ကြည့်မြင်တိုင် မျက်မမြင်ကျောင်းမှ ဂီတသံစဉ်များ)
- ၁၂း၀၅ မြေလတ်ဒေသ၏ လက်ဆောင်
- ၁၂း၁၅ စီးဆင်းပါစေ မေတ္တာရေ (မေကဗျာ၊ ဖူးဖူး)
- ၁၂း၂၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မင်းပြားမြို့ ကမ်းထိန်းကျောက်စီနံရံ တည်ဆောက်မှုနှင့် ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ဝန်ကြီး ဦးသိန်းဆွေ စစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ မင်းပြားမြို့ ကမ်းနားလမ်း၌ ကမ်းပြိုကာကွယ်မှုနှင့် ကမ်းထိန်းကျောက်စီနံရံများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ဩဂုတ် ၁ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မင်းပြားမြို့သို့ ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမဆောင်၌ စစ်တွေမြို့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘုန်းကျော်စိန်၏ မင်းပြားမြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ကမ်းပြိုမှုဖြစ်ပွားရခြင်းအခြေအနေများ တင်ပြမှု အပေါ် လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မင်းပြားမြို့ ကမ်းနားလမ်း၌ ကမ်းပြိုကာကွယ်မှုနှင့် ကမ်းထိန်းကျောက်စီနံရံများ ဆောင်ရွက်ပြီးစီးမှုများကို ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် ရေယာဉ်ဖြင့် မင်းပြားမြို့မှ ဆက်လက်ထွက်ခွာပြီး စစ်တွေ-တောင်ကုတ်ရေယာဉ်များ ဆိပ်ကမ်း၌ ဝင်ရောက်ဆိုက်ကပ်နေမှု၊ မြေပုံမြို့အဝင် ရေလမ်းကြောင်းနှင့် ဆိပ်ကမ်းအခြေအနေ၊ မြေပုံမြို့ရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးပိုင် ရေကြောင်းရုံးနှင့် စစ်တွေ၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ တောင်ကုတ် ခရီးလမ်းအသီးသီးသို့ပြေးဆွဲနေသော ရေယာဉ်များနှင့် ခရီးသည်တင်စက်လှေများ ဝင်၊ ထွက်သွားလာမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေယာဉ်များ ဝင်ချိန်၊ ထွက်ချိန် မှန်ကန်ရေး၊ ဝန်ထမ်းများဆက်ဆံရေး ကောင်းမွန်ရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးနှင့် ရေယာဉ်လုံခြုံမှု အစဉ်သတိပြုကြစေရေးတို့ကို မှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် ပေါက်တောမြို့သို့ရောက်ရှိပြီး ရေကြောင်းရုံးနှင့် ဆိပ်ခံတံတားကြံ့ခိုင်မှု၊ ပေါက်တောမြို့အဝင်ရေလမ်းကြောင်းအခြေအနေ၊ ပေါက်တော-စစ်တွေ ပြေးဆွဲလျက်ရှိသော ရေယာဉ်များတွင် ခရီးသည်များလိုက်ပါစီးနင်းမှု၊ စစ်တွေမြို့အဝင် ရေလမ်းကြောင်းအခြေအနေ၊ ကျောက်တော်မှ စစ်တွေသို့အဝင် ခရီးသည်တင် ရေယာဉ်ရောက်ရှိလာမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၈-၂၀၁၀ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ -စည်းကမ်းလည်းကျ စာတည်းတတ်စေ
၇း၂၅	၄။	ဓမ္မပူဇာတေး
၇း၃၀	၅။	မျိုးချစ်တပ်မတော်
၇း၃၅	၆။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၄၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် - အမွှာစုံထောက် (အပိုင်း-၂၇)**
၁၂း၀၀	၅။	**ရုပ်မြင်သံကြားဇာတ်လမ်း -မေတ္တာအရင်းခံ (မြင့်မြတ်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ကုသိုလ်)**
၁း၃၀	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၅၈)**
၂း၅၅	၈။	အပိတ်နှုတ်ဆက်စကား
၃း၀၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၃၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၄၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀	၉။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀	၁၃။	စားဖိုဆောင်ချစ်သူ
၆း၄၅	၁၄။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၅၅)**
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	လူ့ရှင်တော်စတား
	၂၁။	အင်္ဂလိပ်စာသုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပဥ္စလက်ပုံရိပ် (အပိုင်း-၂)**
	၂၄။	လင်းရောင်စဉ်အတွက်ပုံရိပ်များ (အပိုင်း-၁၆)
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

ဘိုကလေးမြို့နယ် ဒီရေတော၌ ကဏန်းမျိုးစိုက်ထည့်

ရန်ကုန် ဩဂုတ် ၆

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ကဏန်းမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၂၂ ရက်တွင် ဘိုကလေးမြို့ ကျွန်းညို ဒီရေတောနှင့် ပျဉ်ဘိုးကြီး ဒီရေတောတို့၌ ကျင်းပရာ ဖျာပုံခရိုင်နှင့် မြို့နယ် ဥက္ကဋ္ဌများ၊ ခရိုင်နှင့် မြို့နယ်

ငါးလုပ်ငန်းဦးစီးဌာနမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဂရမ် ၁၀၀ အောက် ကဏန်းကောင်ရေ ၄၅၀၀ကို မျိုးစိုက်ထည့်ပေးကြသည်။ (သတင်းစဉ်)

ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် ကဏန်းမျိုးစိုက်ထည့်ပွဲကို ဘိုကလေးမြို့ ကျွန်းညို ဒီရေတောနှင့် ပျဉ်ဘိုးကြီး ဒီရေတောတို့၌ ကျင်းပစဉ်။
(မြို့နယ်ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ မော်လမြိုင် အထက(၆)၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၆

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အလယ်တန်းပြဆရာ ဦးကြည်လွင်က အမှာစကားပြောကြားပြီး ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်လှထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးအကြောင်းကို လည်းကောင်း၊ ဒုတိယရဲအုပ်နိုင်မင်းက စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက် (၁၇) ချက်ကိုလည်းကောင်း၊ ဒုတိယရဲအုပ်အောင်နိုင်က ဆိုင်ကယ်စီးသူများလိုက်နာရမည့် စည်းကမ်းချက်များကို လည်းကောင်း၊ ဒုတိယရဲအုပ် အောင်အောင်နိုင်က လက်အချက်ပြစနစ်များကိုလည်းကောင်း ဟောပြောကြသည်။

ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဇာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ရဲအုပ်လှထွန်းက အလယ်တန်းပြဆရာ ဦးကြည်လွင်ထံ ပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ကိုယ်စား အလယ်တန်းပြဆရာ ဦးကြည်လွင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ယာဉ်ထိန်းတပ်ဖွဲ့က ကျောင်းသား၊ ကျောင်းသူများ သိရှိမှတ်သား လိုက်နာစေရေးအတွက် ယာဉ်စည်းကမ်းချက်များနှင့် မှတ်တမ်းဓာတ်ပုံတို့ကို ရက်သတ္တတစ်ပတ်ကြာ ပြသထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ချောက်-မကွေးပြေးဆွဲမည့် ရွှေမိတ်သစ် အမြန်ယာဉ်လိုင်းသစ်ဖွင့်

ချောက် ဩဂုတ် ၆

ချောက်၊ ရေနံချောင်း၊ မကွေးမြို့သို့ ပြေးဆွဲမည့် ရွှေမိတ်သစ် မှန်လုံအမြန်ယာဉ်လိုင်းသစ်ဖွင့်ပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီတွင် ဂိတ်ပေါင်းစုံဝင်း အတွင်းရှိ ရွှေမိတ်သစ်ဂိတ်၌ ကျင်းပရာ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းအေးလွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးစိုးသန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါယာဉ်လိုင်းသည် ဇူလိုင် ၁၈ ရက်မှစ၍ ချောက်မှ မကွေးသို့ နံနက် ၅ နာရီ၊ ၇ နာရီခွဲ၊ ၈ နာရီခွဲနှင့် မွန်းလွဲ ၂ နာရီတို့တွင် လည်းကောင်း၊ မကွေးမြို့မှ ချောက်မြို့သို့ နံနက် ၇ နာရီခွဲ၊ ၉ နာရီခွဲ၊ မွန်းလွဲ ၁၂ နာရီခွဲနှင့် ညနေ ၄ နာရီ တို့တွင် နေ့စဉ် အချိန်မှန်ပြေးဆွဲသွားမည် ဖြစ်ရာ မြို့နယ်အတွင်းရှိ ခရီးသွား ပြည်သူများ အဆင်ပြေလွယ်ကူချောမွေ့စွာခရီးသွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

မူးယစ်ကင်းစင် အလှဆင်

ရွာသစ်မြို့နယ် မိုးရာသီ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

ရွာသစ် ဩဂုတ် ၆

ကယားပြည်နယ် ရွာသစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဆောင်သည် ဇူလိုင် ၂၇ ရက်တွင် မြို့တွင်းရေစီးရေလာကောင်းမွန်ရန် ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေး ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ်စည်ပင်)



ပလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးကို တန့်ဆည်မြို့ မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားမှုကို ကွင်းဆင်း စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ၊ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရန် အရန်ရေသိုလှောင်ထားမှု၊ ဈေးလုံခြုံရေးမီးနှင့် ဈေးဆိုင်ခန်းမီးများ စနစ်တကျ ခွဲခြားသွယ်တန်းထားရှိမှုတို့ကို ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

သန်လျင် အထက(၁) တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၆

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲကို ဩဂုတ် ၂ရက် နံနက်ပိုင်းက အထက(၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိဘဆရာအသင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ နာယက ဦးတင်ဝင်း**(အပေါ်ပုံ)**နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောမြဦးတို့က ဂုဏ်ပြုအမှာ စကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်များ ချီးမြှင့်ကြသည်။ သန်လျင်အထက(၁)မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ငါးဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ လေးဘာသာဂုဏ်ထူးရှင် ငါးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၁၂၂ ဦး ဖြစ်ကြောင်း သိရှိရသည်။ (၅၂၇)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

နေပြည်တော်အားကစားပြိုင်ကွင်း အုပ်စု(ဆ)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန-နှစ်ဂိုး
(တေဇာကိုကို၊ ဟိန်းကိုကိုဇော်)

ဆောက်လုပ်ရေးဝန်ကြီးဌာန - နှစ်ဂိုး
(အောင်မျိုးသူရ၊ သန့်ဇင်ဖြိုး)
(ဒိုင်)ဦးသောင်းလှိုင် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ပေါင်းလောင်းအားကစားပြိုင်ကွင်း အုပ်စု(ဆ)

တရားရုံးချုပ် - ငါးဂိုး
(ရဲရာဇာ၊ တေဇာဖြိုး၊ စိုးသီဟထွန်း၊ ငြိမ်းလတ်၊ နေဦးမောင်)

သာသနာရေးဝန်ကြီးဌာန - နှစ်ဂိုး
(အောင်စိုးပိုင်)
(ဒိုင်)ဦးအောင်သိန်း(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

ဩဂုတ် ၇ရက် ပွဲစဉ်များအဖြစ် နေပြည်တော် အားကစားပြိုင်ကွင်း၌ (ဇ)အုပ်စုမှ နိုင်ငံခြားရေးဝန်ကြီးဌာန အသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌(ဇ)အုပ်စုမှဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၇)

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ ဈေးများ မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၁၄ ရက်တွင် အဖွဲ့ခေါင်းဆောင် ဦးသန်းအေး (အမှုဆောင်အရာရှိ)၊ အဖွဲ့ဝင်များဖြစ်ကြသော ဒုရဲမှူးမင်းထွန်းဝင်း (မြို့နယ်ရဲတပ်ဖွဲ့မှူး)၊ ဦးမောင်မောင်အေး (ခရိုင်မီးသတ်ဦးစီးမှူး) နှင့် ဦးအောင်မျိုးလှိုင် (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ) တို့ ဈေးတစ်ဈေးချင်းအလိုက် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ပျိုးပင်များ စနစ်တကျ ပျိုးထောင်ထားရှိမှု၊ ပျိုးပင်အရေအတွက် ပြည့်မီအောင် ပျိုးထောင်ထားရှိမှု အခြေအနေအား ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဇူလိုင် ၂၁ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၆

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** လောင်းလုံမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၈၀ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မိုင်းဆတ်မြို့နှင့် ဗန်းမော်မြို့တို့တွင် ၁ ဒသမ ၇၃ လက်မစီ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၅၄ လက်မနှင့် မိုးကုတ်မြို့တွင် ၁ ဒသမ ၅၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၇ ရက် ညနေထိ ခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဩဂုတ်လ ဒုတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။ ။ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် ရန်ကုန်တိုင်းတို့တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာပြီး မန္တလေးတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်(၃၁ ဒသမ ၅ဒီဂရီစင်တီဂရိတ်) ၈၉ ဒီဂရီဖာရင်ဟိုက် ၅-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် ၂၅ ဒသမ သုည ဒီဂရီစင်တီဂရိတ် ၇၇ ဒီဂရီဖာရင်ဟိုက် ၆-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း ၆-၈-၂၀၁၀
မိုးရေချိန် မရှိပါ ၆-၈-၂၀၁၀

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၂၈ ဒသမ ၆ ဒီဂရီစင်တီဂရိတ်) ၈၄ ဒီဂရီဖာရင်ဟိုက် ၅-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ်) ၇၇ ဒီဂရီဖာရင်ဟိုက် ၆-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း ၆-၈-၂၀၁၀
နေပူသည့်နာရီပေါင်း မရှိပါ ၅-၈-၂၀၁၀

မိုးရေချိန်

ရက်စွဲ	**မင်္ဂလာဒုံ**	**ကမ္ဘာအေး**	**ရန်ကုန်မြို့လယ်**
၆-၈-၂၀၁၀	၁၁ မမ (သုည ဒသမ ၄၃ လက်မ)	၅မမ (သုည ဒသမ ၁၉ လက်မ)	၃ မမ (သုည ဒသမ ၁၂ လက်မ)
၁-၁-၂၀၀ မှ ယနေ့အထိ	၁၀၄၂မမ (၄၄ ဒသမ ၉၆ လက်မ)	၁၃၂၆ မမ (၅၂ ဒသမ ၂၀ လက်မ)	၁၅၄၃ မမ (၆၀ ဒသမ ၇၅ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၅-၈-၂၀၁၀ရက် ၃း၃၀နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ လေးမိုင်နှုန်း တိုက်ခတ်သည်။

စုပေါင်းစိုက်ပျိုး

မသန်စွမ်းသူများအတွက်ဆောင်ရွက်ပေးလျက်ရှိသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်း ဦးဆောင်သော မသန်စွမ်းသူ ၁၉၁ ဦး ပါဝင်သောအဖွဲ့ ဇူလိုင် ၂၆ရက်က ရန်ကုန်မြို့ရှိ လှော်ကား ဥယျာဉ်သို့ သွားရောက်လေ့လာပြီး သစ်ပင်မျိုးစုံ ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးပေးကြစဉ်။ (ကြေးမုံ)

ရန်ကုန်ယူနိုက်တက်အသင်း၏ နိုင်ပွဲဆက်စံချိန်ကို ဥသျှောင်ယူနိုက်တက် ရပ်တန့်

ရန်ကုန် ဩဂုတ် ၆

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၉)ကို ယနေ့ညနေ ၄ နာရီက စလင်းကွင်းနှင့် ပဒုမ္မာကွင်းတို့၌ ဆက်လက်ကျင်းပရာ Southern Myanmar အသင်းနိုင်ပွဲရခဲ့ပြီး ရန်ကုန်ယူနိုက်တက်နှင့် ဥသျှောင်ယူနိုက်တက်တို့ သရေကျသွားသည်။

(စလင်းကွင်း)

ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ
ဥသျှောင်ယူနိုက်တက် - ဂိုးမရှိ

ကြိုးစားခဲ့

ခုနစ်ပွဲဆက် နိုင်ပွဲရရှိပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင် ရမှတ် ၂၂ မှတ်ဖြင့် ဦးဆောင်နေသည့် လက်ရှိချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းမှာ ရှစ်ပွဲဆက် နိုင်ပွဲစံချိန်ရရှိရန် ကြိုးစားခဲ့သော်လည်း ဥသျှောင်ယူနိုက်တက်အသင်း၏ရပ်တန့်ခြင်းကို ခံခဲ့ရသည်။

နှစ်ပွဲဆက် နိုင်ပွဲရရှိထားသည့် ဥသျှောင်ယူနိုက်တက်အသင်းမှာ ရန်ကုန်အသင်းထံမှ အမှတ်ခွဲယူနိုင်ရန် ကြိုးပမ်းခဲ့ပြီး သရေတစ်မှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဥသျှောင်ယူနိုက်တက်အသင်းမှာ ယခုပွဲအနိုင်ရရှိလျှင် ထိပ်ဆုံးမှ ရန်ကုန်ယူနိုက်တက်အသင်းနှင့် အမှတ်ကွာဟမှု ကျဉ်းမြောင်းနိုင်မည်ဖြစ်၍ ပွဲစကတည်းက ခပ်မာမာ ကစားသွားခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းမှာလည်း အောင်စည်သူ၊ လွင်ကိုနိုင်၊ ဇင်မင်းဦးတို့ဖြင့် လူစုံထုတ်ပြီး နိုင်ပွဲဆက်ရန်ကြိုးပမ်းခဲ့ရာ ပွဲမှာ အပြန်အလှန်ရှိခဲ့သည်။ နှစ်သင်းစလုံး ခံစစ်အမှားမရှိခဲ့၍ ဂိုးသွင်းခွင့် သိပ်မရခဲ့ဘဲ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းမှာ အနိုင်ရရှိရန် တိုက်စစ်အားမြှင့်ခဲ့သော်လည်း တိုက်စစ်တွင် အချိတ်အဆက်လွဲနေ၍ ထင်သလောက် ဂိုးသွင်းခွင့်မရခဲ့ပေ။ ဥသျှောင်အသင်းမှာ ဂိုးရရှိရန်ထက် ဂိုးမပေးရရေးကိုသာ ဦးစားပေးကစားသွားပြီး အမှတ်ခွဲယူနိုင်ရန် ကြိုးစားသွားခဲ့သည်။

(ပဒုမ္မာကွင်း)

Southern Mnanmar - နှစ်ဂိုး
မကွေးF.C - တစ်ဂိုး

ယနေ့ပွဲ

(စလင်းကွင်း)

ရတနာပုံ - ဇွဲကပင်ယူနိုက်တက်

(ပဒုမ္မာကွင်း)

နေပြည်တော် - မနောမြေ

(အောင်ဆန်းကွင်း)

ကမ္ဘောဇ - ဇေယျာရွှေမြေ

(ကြေးမုံ)

ရန်ကုန်တိုက်စစ်မှူး မြတ်ထူးနိုင် ဥသျှောင်ယူနိုက်တက်ဘက်သို့ ဂိုးသွင်းရန်ကြိုးပမ်းစဉ်။ (ကြေးမုံ)

ဘန်ဇီမာကို အလိုက်ပေး၍ အက်ရှ်လေကိုးကိုခေါ်ယူရန် မော်ရင်ဟိုစီစဉ်

မက်ဒရစ် ဩဂုတ် ၆

စပိန်လာလီဂါ ထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ် အသင်းနည်းပြ မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းမှ ဘယ်နောက်ခံကစားသမား အက်ရှ်လေကိုးကို ခေါ်ယူနိုင်ရေးအတွက် ဘန်ဇီမာကိုပါ အလိုက်ပေး၍ ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

ကာယကံရှင်ဖြစ်သည့် အက်ရှ်လေကိုးကိုယ်တိုင်ကလည်း ဆရာဟောင်းရှိသည့် ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ကစားလိုသော်လည်း ချယ်လ်ဆီးနည်းပြ အန်ဆန်လော့တီကမူ အက်ရှ်လေကိုးကို လုံးဝ ရောင်းချလိမ့်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သို့သော် ချယ်လ်ဆီးအသင်းသည် လက်ရှိအချိန်တွင် ပေါ်တို ဘယ်နောက်ခံလူ ဖူလဆီကိုခေါ်ယူရန် ဆက်သွယ်မှုများ ပြုလုပ်လာခြင်းကြောင့် အက်ရှ်လေကိုး၏ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရေးကိစ္စမှာ ဖြစ်လာဖွယ်ရာရှိနေသည်။

အင်တာနက်။

မော်ရင်ဟိုခေါ်ယူရန်စီစဉ်နေသည့် အက်ရှ်လေကိုး။

ဆန်းတိုစ်တွင် ဆက်နေခွင့်ပေးရန် ရော်ဘင်ဟိုတောင်းပန်

လန်ဒန် ဩဂုတ် ၆

မန်စီးတီးပိုင် ဘရာဇီးကြယ်ပွင့် ရော်ဘင်ဟိုက မိမိကို ဆန်းတို့စ်အသင်းတွင်သာ ဆက်လက်ကစားခွင့်ပေးပါရန် မန်စီးတီးအသင်းသို့ တောင်းပန်ကစားဆိုခဲ့ကြောင်း သိရသည်။

မန်စီးတီးအသင်းသည် ရော်ဘင်ဟိုကို ရီးယဲလ်မက်ဒရစ်အသင်းမှ ပေါင် ၃၂ ဒသမ ၄ သန်းဖြင့် ခေါ်ယူခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက ဆန်းတို့စ်အသင်းသို့ ခြောက်လတာ အငှားချထားခြင်း ခံရသူဖြစ်သည်။

လက်ရှိ မန်စီးတီး၏ ရှေ့တန်းတိုက်စစ်ပိုင်းတွင် အဒီဘာယော၊ ဘယ်လာမီနှင့် တီဗက်ဇ်တို့ ရှိနေခြင်းကြောင့် ရော်ဘင်ဟိုမှာ မန်စီးတီးတွင် ပုံမှန်ပွဲထွက်ခွင့်ရရန် မလွယ်လှပေ။ သို့အတွက်ကြောင့် ရော်ဘင်ဟိုအနေဖြင့် ပုံမှန်ပွဲထွက်ခွင့်ရရှိမည့် ဆန်းတို့စ်အသင်းတွင် ဆက်လက်ကစားလိုခြင်းဖြစ်သည်။ ***အင်တာနက်။***

ဝင်းတင်
(ကြေးမုံ)

ရော်ဘင်ဟို

ဆန်းတို့စ် အသင်းတွင်သာ ဆက်လက် ကစားလိုသည့် ရော်ဘင်ဟို။

ဂုဏ်ယူဝမ်းမြောက်ခြင်း

၆-၈-၂၀၁၀ ရက်တွင် ASIA GREEN DEVELOPMENT BANK ၏ နေပြည်တော်ဘဏ်ခွဲအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါသည်။

ရောရွှေဝါဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
စီမံကိန်းဒါရိုက်တာနှင့်ဝန်ထမ်းမိသားစု

ဂုဏ်ယူဝမ်းမြောက်ခြင်း

၆-၈-၂၀၁၀ ရက်တွင် ASIA GREEN DEVELOPMENT BANK ၏ နေပြည်တော်ဘဏ်ခွဲအား အောင်မြင်စွာဖွင့်လှစ်နိုင်ခြင်း အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါသည်။

AYER SHWE WAH GROUP OF COMPANIES
အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းမိသားစုများ







တိုက်ခန်းရောင်းမည်

၁၈'×၅၅'၊ အရှေ့လှည့်၊ ပြတင်းပေါက်ပါ၊ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်း၊ ၆လွှာ၊ ရေကျော်လမ်းမကြီး၊ ရေ၊ မီးအပြည့်အစုံ၊ သိန်း-၂၅၀၊ ဝယ်သူကိုယ်တိုင်ဆက်သွယ်ရန်-၈၅၊ မြေညီထပ်(ယာ)၊ ၄၄လမ်း၊ လမ်းတို၊ ဗိုလ်တထောင်မြို့နယ်၊ (ကုန်သည်လမ်းမှဝင်ပါ)

တိုက်ခန်းရောင်းမည်

(၁၅ × ၄၅)ပေ၊ ၆ လွှာ၊ ရေ၊ မီး၊ ကြွေပြား၊ မင်္ဂလာဈေးအနီး (၈၅ သိန်း)

ဖုန်း - ၀၉-၅၀၉၂၂၄၅
၀၁-၇၃၀၇၈၂၁၀

ရော်ဘာခြံရောင်းရန်

ရော်ဘာပင် 4500၊ သရက်၊ မာလကာ၊ ပိန္နဲ၊ ငှက်ပျော မြေ 25 ဧက ကော်ခြံကျေးရွာ၊ မော်ဘီမြို့နယ်

ဖုန်း-၂၂၁၆၀၅



ရောင်းမည်

PSII Game ဆိုင်ပစ္စည်းစုံကို ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။ Ph: 291819

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁က/၂၇၄၃၊ Toyota Corolla AE91.SIL (4x2)® ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်ဝင်း မှတ်ပုံတင်အမှတ် [၈/မမန(နိုင်)၁၀၉၂၀၁] ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ အရှေ့ပိုင်းခရိုင်ရုံး
ရန်ကုန်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

၁။ ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂-Y၂)၊ မြေကွက်အမှတ်(V-၃၂၇)၊ မြေအကျယ် ၂၅'×၅၀'၊ နှစ်(၉၀)မြေငှားဂရန်မြေမျိုးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၂)၊ ၁၂ လမ်း၊ လမ်းမတော်မြို့နယ်ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၂)ထပ်တိုက်အိမ်အဟောင်းအပါအဝင် အကျိုးခံစားခွင့်များသည် (၁)ဒေါ်အမာ [၁၂/လမတ(နိုင်)၀၀၆၈၃၀] နှင့် (၂)ဒေါ်ကြည်အေး [၁၂/မဂဒ(နိုင်)၀၃၁၄၉၉]တို့နှစ်ဦး တစ်ဝက်တိတိစီ ပိုင်ဆိုင်ပါသည်။

၂။ မြေပိုင်ရှင် ဒေါ်အမာက ကန်ထရိုက်တာ ဦးခင်မောင်သန်းနှင့် ကန်ထရိုက်ဆောက်ရန် နှစ်ဖက်သဘောတူချုပ်ဆိုသည့် စာချုပ်၊ ပေးထားသည့် GP နှင့် ဒေါ်စန်းစန်းထူးသို့ ရောင်းချထားသည့် ပထမထပ်တိုက်ခန်းတစ်ခန်း အရောင်းအဝယ်စာချုပ်နှင့် ပေးထားသည့် SP တို့ကို နှစ်ဖက်သဘောတူ ဖျက်သိမ်းလျက် ဒေါ်အမာနှင့် ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးတင်အေး Mother's Son Group ဆောက်လုပ်ရေးသည် အထပ်မြင့်တိုက်သစ်ဆောက်ရန် သဘောတူစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

၃။ မြေပိုင်ရှင် ဒေါ်ကြည်အေးပိုင်ဆိုင်သည့် မြေကွက်နှင့် အိမ်၏ တစ်ဝက်တိတိ အခွင့်အရေးကို ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးတင်အေး Mother's Son Group ဆောက်လုပ်ရေးက တန်ဖိုးသင့်၍ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ထားမှုများအပေါ် အကျိုးသက်ဆိုင်ခွင့်ရှိ၍ ကန့်ကွက်လိုသူများသည် စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
၁။ ဦးလှမြင့်(ဒဂုံ) စဥ်-၉၀၁၂ H.G.P, WIPO (SWITZERLAND)
၂။ ဦးတင်အောင်ကြည်(တောင်သုံးလုံး) LL.B, စဥ်-၃၀၇၂၂
- အထက်တန်းရှေ့နေများ ဖုန်း-၅၃၄၃၆၉၊ ၀၉-၅၀ ၃၁၈၁၀။
- အခန်း(၂၀၂/D)၊ (၃)လွှာ၊ တိုက်(၉/၁၁)၊ ၃၆-လမ်း (လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်တို့၌ စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ကော့မှူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြုပြင်ထိန်းသိမ်းနေသည့် မကျီးကန်-ငှက်အော်စမ်း ကျေးလက်ကျောက်ချောလမ်း ပြုပြင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် မကျီးကန်ကျေးရွာ၌ အသစ်တူးဖော်ထားသော မြေသားရေလှောင်ကန်အတွင်း မိုးရေသိုလှောင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မှာကြား

ယင်းနောက် ကော့မှူးမြို့ရှိ မြို့မဈေး ဈေးမီးဘေးလုံခြုံရေးအတွက် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဈေးသန့်ရှင်းသပ်ရပ်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ခြင်၊ ယင်များ မရှိစေရန် ဆေးဖျန်းရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့၌ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်သို့ ရေပေးဝေလျက်ရှိသော ထန်းတောရေစင်နှင့် ရေစက်ရုံကို လည်းကောင်း၊ ပျဉ်ထောင်ကျောင်း မြေသားရေလှောင်ကန် မိုးရေသိုလှောင်နိုင်မှုအခြေအနေ၊ အဖွဲ့ပိုင်ယာဉ်၊ စက်၊ ယန္တရားများ ကြံ့ခိုင်မှုနှင့် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ သတ်မှတ်အရေအတွက်အတိုင်း ပြုစုပျိုးထောင်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးသည် ကွမ်းခြံကုန်းမြို့ မြို့မဈေးကြီး၌ ခြင်၊ ယင်မပေါက်ပွားရန် ဆေးဖျန်းနေမှုအခြေအနေ၊ ဈေးမီးဘေးလုံခြုံရေးအတွက် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဈေးမီးသတ်စက်များ၊ အရန်ရေတွင်းရေကန်များ၊ ရေစင်များ၊ မီးသတ်ဆေးဘူးများ စုဆောင်း၍ ဇာတ်တိုက်လေ့ကျင့်မှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဥ်)

ပတ္တမြားဈေး မီးဘေးကာကွယ်

ဈေးများလုံခြုံမှု စစ်ဆေးရေးအဖွဲ့မှ ဦးပြည်စိုး (အမှုဆောင်အရာရှိ၊ စည်ပင်)၊ ဒု-ရဲမှူး ဦးသန်းနိုင် (မြို့နယ်ရဲတပ်ဖွဲ့မှူး)၊ ဦးအောင်ကျော်လင်း (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ)နှင့် ဒု-တပ်ရင်းမှူး ဦးသာငွေး (မြို့နယ်အရန်မီးသတ်တပ်ဖွဲ့) တို့အား မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ခေတ္တဒုတိယဦးစီးမှူး(ဈေး) ဦးဝင်းကျော် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်) ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ နဝမအကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲကို ဩဂုတ် ၁၄ ရက် (စနေနေ့) နံနက် ၈ နာရီတွင် အဆိုပါ ဆေးရုံကြီး အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန်ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့် အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန၊ သီလရှင်များ ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် အုပ်ချုပ်ရေးမှူးရုံးတို့တွင် စာရင်းပေးသွင်းနိုင်သည်။ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက အုပ်ချုပ်ရေးမှူးရုံးခန်း ဖုန်း-၅၄၁၇၉၅နှင့် ၅၄၅၇၈၂၊ ဆေးရုံအုပ်ကြီးရုံးခန်း ဖုန်း-၅၅၈၄၃၄၊ သီလရှင်ဆေးရုံ ဖုန်း-၅၄၂၇၀၆ နှင့် လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန တာဝန်ခံဆရာဝန်ကြီး ဖုန်း-၅၅၂၅၄၂ တို့သို့ ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဥ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ စစ်သံမှူး Colonel Muhammad Tariq Farid Khan အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ စစ်သံမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ စစ်သံမှူး Colonel Muhammad Tariq Farid Khan အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

ပါမောက္ခ ဦးကျော်မြင့်ဦး (မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့) ၏ ပိုးသတ်ဆေးကြွင်း အဆိပ်သင့်ခြင်းအန္တရာယ် ဆောင်းပါးကို စာမျက်နှာ (၆) တွင် ဖတ်ရှုနိုင်ပါသည်။